ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်၊ စနေနေ့၊ (20-11-2010) (၆၅၈၈)

အက်မက်စ်နိုင်ငံများအကြား ရှိပြီးဖြစ်သော ချစ်ကြည်ရင်းနှီးမှုနှင့် အိမ်နီးချင်းကောင်းပီသသည့် ဆက်ဆံရေးများမှတစ်ဆင့် နိုင်ငံချင်းအလိုက်နှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများသည် ဒေသ၏ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် အစည်းအဝေးဖွင့်ပွဲတွင် မိန့်ခွန်းပြောကြား

မိန့်ခွန်းပြောကြား

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် (၄)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှု မဟာဗျူဟာ (ACMECS) ထိပ်သီး အစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

(သတင်းစဉ်)

နေပြည်တော် နိုဝင်ဘာ ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် နိုဝင်ဘာ ၁၇ ရက် နံနက် ၉ နာရီတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ Peace Palace တတိယထပ်ရှိ Noun Srey Hall ၌ ကျင်းပသည့် (၄)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (ACMECS) ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

(၄)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီးအစည်းအဝေးသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တက်ရောက်ဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် နိုဝင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ Peace Palace တတိယထပ်ရှိ Champa Room ၌ ကျင်းပသည့် (၄)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(ACMECS) ထိပ်သီးအစည်းအဝေးသို့ တက်ရောက် ဆွေးနွေးသည်။ (အောက်ပုံ)

စာမျက်နှာ ၃ ကော်လံ ၅ သို့

၂၀-၁၁-၂၀၁၀ (စနေနေ့)

ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ကြိုးပမ်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ နိုဝင်ဘာ ၁၆ ရက်က ကျင်းပသည့် (၅)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် (CLMV) ထိပ်သီး အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ အဆိုပါ ထိပ်သီးအစည်းအဝေးသို့ မြန်မာနိုင်ငံအပါအဝင် ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့မှ ဝန်ကြီးချုပ်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

အဆိုပါ ထိပ်သီးအစည်းအဝေးတွင် CLMV နိုင်ငံများအကြား ဖြစ်တည်နေသည့် ချစ်ကြည်ရင်းနှီးမှုနှင့် အိမ်နီးချင်းကောင်းပီသသော စိတ်ဓာတ်များကို အခြေခံကာ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များ တိုးတက်အောင်မြင်စေရေး ဆွေးနွေးကြသည်။ ပူးပေါင်းဆောင်ရွက်ရေးစီမံချက်များ ပိုမိုဖော်ဆောင်နိုင်ရေးအတွက် အာဆီယံမိတ်ဖက်နိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများနှင့် နီးစပ်စွာဆက်ဆံရေး ဆက်လက်ကြိုးပမ်းသွားကြမည် ဖြစ်သည်။

ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်တို့သည် မဲခေါင်ဒေသတွင်း သဘာဝရင်းမြစ် ကြွယ်ဝသော နိုင်ငံများဖြစ်သည်။ ဒေသတွင်း နိုင်ငံအချင်းချင်း ပေါင်းစည်းဖွံ့ဖြိုးရေး ကြိုးပမ်းခဲ့ကြရာ အပြန်အလှန် အကျိုးသက်ရောက်မှုများ ရရှိခဲ့သည်။ စွမ်းအင်နှင့် စက်မှုကဏ္ဍ ရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့နိုင်ရေး၊ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း တိုးချဲ့ရေး ဆက်လက်ကြိုးပမ်းကြဦးမည်။

ထို့အပြင် အဖွဲ့ဝင်နိုင်ငံများ၏ မြို့ကြီးများနှင့် မြို့ငယ်များအကြား လေကြောင်းဆက်သွယ်ပျံသန်းမှုများ တိုးချဲ့ရေး၊ အရှေ့-အနောက် စီးပွားရေးစင်္ကြံနှင့် တောင်ပိုင်းစီးပွားရေးစင်္ကြံရှိ ဒေသတွင်းနိုင်ငံများအကြား ဆက်သွယ်မှုကွန်ရက် ကောင်းမွန်ရေး ကြိုးပမ်းကြပေဦးမည်။ ယဉ်ကျေးမှုအပြန်အလှန် ဖလှယ်ရေးလုပ်ငန်းများ၊ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးနှင့် ယဉ်ကျေးမှုရှေးဟောင်းအမွေအနှစ်ပစ္စည်းများ တရားမဝင် လွှဲပြောင်းရောင်းဝယ်မှု တားဆီးကာကွယ်ရေးဆိုင်ရာ အတွေ့အကြုံဖလှယ်ရေးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ထိပ်သီးအစည်းအဝေးခရီးစဉ်အတွင်း ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆန်နှင့် တွေ့ဆုံပြီး နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

(၅)ကြိမ်မြောက် CLMV ထိပ်သီးအစည်းအဝေးတွင် အနာဂတ်လုပ်ငန်းစဉ်များအပေါ် သဘောထားအမြင် ဖလှယ်ခဲ့ကြသည်။ ဖွံ့ဖြိုးတိုးတက်မှုကွာဟနေမှုများကို လျှော့ချရေးအတွက် ဒေသခွဲနှင့် ဒေသမူဘောင်အတွင်းမှ CLMV နိုင်ငံများ၏ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေး အပြန်အလှန် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုထိရောက်စွာ တိုးမြှင့်အားထုတ်ကြိုးပမ်းနိုင်မှုနှင့်အတူ အာဆီယံပေါင်းစည်းရေးလုပ်ငန်းများ အရှိန်အဟုန် ရရှိလာမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်- နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kouily A. SOUPHAKHET အား လက်ခံတွေ့ဆုံသည်။

ယင်းသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးသန့်ရှင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kouily A. SOUPHAKHET အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။(အပေါ်ပုံ)နှင့် **လက်ခံတွေ့ဆုံစဉ်။** (ဝဲပုံ)

(သတင်းစဉ်)

News Watch သတင်းဂျာနယ် ထွက်ရှိ

ရန်ကုန် နိုဝင်ဘာ ၁၉

စံပြငါးဈေးတိုးချဲ့ဖွင့်လှစ်ရန် မြေနေရာ ညှိနှိုင်းဆဲဖြစ်၊ အောက်တိုန်းဆီတန်ချိန် တစ်သောင်းကျော် ပြည်တွင်းသို့ တင်သွင်းရန်ရှိ၊ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (WFP) ၏ဆန်တန်ချိန် ၁၁၀၀ တင်ဒါအောင်၊ MSEC ၏ သစ်တောဖက်စပ်ရှယ်ယာ အမြတ်ဝေစုများ နိုဝင်ဘာ ၂၂ ရက် စတင်ထုတ်ပေးမည်၊ စင်ကာပူနိုင်ငံရောက် အထွေထွေလုပ်သားများ Safety စာမေးပွဲမဖြေဆိုနိုင်၍ ပြန်လွှတ်ခြင်းခံရ၊ သက်ကြီးစောင့်ရှောက်ရေး စင်တာ ပန်းလှိုင်ဆေးရုံ၌ဖွင့်လှစ်၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာတွင် အခမဲ့ဆေးဝါးစောင့်ရှောက်မှုပေး၊ ခြေလေးချောင်းနှင့် ကြက်ဖတစ်ကောင် မင်္ဂလာဒုံ၌တွေ့ရှိ၊ ဘာလီနိုင်ငံတကာရုပ်ရှင်ပွဲတော်သို့ မြန်မာရုပ်ရှင်ကားလေးကား သွားရောက်ပြသမည်၊ မြန်မာပရဆေးကုန်ကြမ်း တရုတ်နှင့်အိန္ဒိယသို့ အဓိကတင်ပို့၊ ပဲခူးမြို့လိုင်စင်မဲ့ဆိုင်ကယ်များ ဖမ်းဆီးအရေးယူ၊ နေပြည်တော်-မန္တလေး-နေပြည်တော် စက်ဘီးစီးပြိုင်ပွဲ ကျင်းပမည်၊ မြစ်ဝကျွန်းပေါ်တံတားကြေးများ သတ်မှတ်နှုန်းထက်မြင့်နေ၊ ကြို့ပင်ကောက်မြို့မဈေး၏ မီးသင့်ဆိုင်ခန်း ရှစ်ခန်းအတွက် အာမခံလျော်ကြေး ၂၂ သိန်းကျော် ပေးလျော်၊ ဇင်ယော်နီ၏ ကံကောင်းခြင်းဂဏန်းများ၊ လူထုစိန်ဝင်း၊ ပါရဂူ၊ ကိုခါး(ကွမ်းခြံကုန်း) မောင်သန်းဆွေ (ထားဝယ်)၊ ဒေါက်တာအောင်ခင်ဆင့်၊ မောင်သာနိုး၊ ထွဋ်ဝင်း ထွဋ်၊ မြသူအောင်၊ အေးမောင်ကျော်၊ ရွှေစင်ကိုကိုတို့၏ ဆောင်းပါးများ၊ HIV ဝေဒနာရှင်အား ခွဲခြားဆက်ဆံမှုတရုတ်တရားရုံးပယ်ချ၊ မင်းသားဝီလျံနှင့် ကိတ်မစ်ဒယ်တန်တို့လက်ထပ်ပွဲပေါင်သန်း ၂၀ နှင့် ၄၀ ကြားကုန်ကျမည်၊ တရုတ်နှင့် အိန္ဒိယ ဩဇာတက်လာတဲ့ ဂျီ-၂၀ ဆုံးဖြတ်ချက်၊ ၂၀၁၁ တွင် စားကုန်ဈေးနှုန်း မကြုံစဖူးတက်မည်ဟု FAO ပြောကြား၊ ပို့ကုန်ကိစ္စအမေရိကန်ကို အားမကိုးပါနှင့်ဟု ကမ္ဘာ့နိုင်ငံများသို့ သမ္မတအိုဘားမား သတိပေး၊ EU ဓာတ်ငွေ့ အဆိုပြုမှု ပူတင်ဝေဖန်၊ ယခုနှစ် ဟက်ဂျ်ပွဲတော်သို့ ကမ္ဘာတစ်ဝန်းမှ မွတ်စလင် သုံးသန်းလာရောက်၊ အမေရိကန်တင်ပြကမ်းလှမ်းချက် အစ္စရေးအစိုးရ ဘယ်လိုဆုံးဖြတ်မလဲ၊ အာဖဂန်စစ်ပွဲအနိုင်မရနိုင်ကြောင်း ဗြိတိန်လက်နက်ကိုင်တပ်ဖွဲ့များအကြီးအကဲဝန်ခံ စသည့် ပြည်တွင်း၊ ပြည်ပဆောင်းပါးများဖြင့် News Watch သတင်းဂျာနယ် ထွက်နေပြီ ဖြစ်သည်။

(သတင်းစဉ်)

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၀-၁၁-၂၀၁၀ (စနေနေ့)

[၁၃၇၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက် (အဖိတ်နေ့)]

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၀ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၆။ ကဗျာပန်းဥယျာဉ်
၈း၀၅ ၇။ အကပြိုင်ပွဲ
၈း၁၅ ၈။ "သတိတစ်ချက် တစ်သက်အမှား"
၈း၃၀ ၉။ တေးဂီတအစီအစဉ်
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ Local Talent
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၁း၅၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂း၂၀ ၅။ Yan Can Cook
၁၂း၄၀ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မပြယ်သောချစ်ခြင်း မနွမ်းသောမေတ္တာ" (အပိုင်း-၆၁)**
၁း၄၀ ၇။ "မဟော်သဓာ" (အပိုင်း-၈) (အားသစ်၊ ပိစိ၊ မင်းသစ်၊မင်းဇော်) (ဒါရိုက်တာ-စန္ဒရားသန်းထွဋ်)
၂း၁၅ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၂း၂၅ ၉။ တန်ဆောင်တိုင်တေးများ
၂း၅၀ ၁၀။ International News
၃း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၂၀ ၃။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၄း၃၀ ၄။ အရေးပြိုင်ပွဲ
၄း၃၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (မြန်မာမှုပညာထူးပြု) (မြန်မာမှုပညာ)
၄း၅၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄း၅၅ ၇။ တန်ဆောင်တိုင်တေးများ
၅း၁၅ ၈။ "အစဉ်အလာမပျက် ဆင်ယင်နွဲ့ တောင်ကြီးမြို့ရဲ့ တန်ဆောင်တိုင်ပွဲ"
၅း၃၀ ၉။ ချစ်စရာ့အရွယ်ကစားကြမယ်
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၂။ အလှရှာမယ်၊ အလှကမ္ဘာဝယ်
၆း၃၅ ၁၃။ ယဉ်တစ်ကိုယ်မယ် (ရှင်ဖုန်း)
၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အတိတ်ရဲ့ပုံရိပ်" (အပိုင်း-၃၂)**
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (အပိုင်း-၇၅)**
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဘဝမိုးတိမ်" (အပိုင်း-၁၁)**
၂၀။ ဂီတတံခါးလေးဖွင့်ပါဦး
၂၁။ အစီအစဉ်ပြီး၏။

မိမိတို့၏ ကတိကဝတ်များကို ပြန်လည်ဖော်ထုတ်ခြင်းဖြင့် အက်မက်စ်လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်လျက်ရှိသည့် သက်ဆိုင်ရာအဖွဲ့အစည်းများအား ပိုမိုတွန်းအားပေးဆောင်ရွက်

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် (၄)ကြိမ်မြောက် အက်မက်စ် ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ်၊ အာဆီယံအတွင်းရေးမှူးချုပ်တို့နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

❒ရွှေဖုံးမှ

ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆန်၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အဘီဆစ်ဝဲ့ချာချီဝ၊ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း၊ အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်ပစ်ဆူဝမ်၊ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဝင်းရှိန်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးသန့်ရှင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများနှင့် အဆင့်မြင့် အရာရှိကြီးများ၊ ကမ္ဘောဒီးယားနိုင်ငံရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ ACMECS အဖွဲ့ဝင်နိုင်ငံများမှ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသော ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ (၄)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ဝန်ကြီးများ၊ အဆင့်မြင့် အရာရှိကြီးများနှင့် ဖိတ်ကြားထားသော ပုဂ္ဂိုလ်များသည် ထိပ်သီးအစည်းအဝေး ကျင်းပသည့် Peace Palace သို့ နံနက် ၈ နာရီမှစတင်၍ နိုင်ငံအလိုက် ရောက်ရှိကြသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ Peace Palace သို့ နံနက် ၈ နာရီ ၅၅ မိနစ်တွင် ရောက်ရှိလာရာ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆန်က ကြိုဆိုနှုတ်ဆက်သည်။

အလားတူ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆန်က ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရန် ရောက်ရှိလာကြသည့် လာအိုနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အဘီဆစ်ဝဲ့ချာချီဝနှင့် ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းတို့အား ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆန်၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အဘီဆစ်ဝဲ့ချာချီဝ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတ နိုင်ငံဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်း၊ အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာ ဆူရင်ပစ်ဆူဝမ်တို့နှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် (၄)ကြိမ်မြောက် အက်မက်စ် ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို စတင်ကျင်းပရာ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆန်က အဖွင့်မိန့်ခွန်းပြောကြားသည်။

ဆက်လက်၍ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်းက မိန့်ခွန်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်က မိန့်ခွန်းပြောကြားရာတွင် မိမိတို့၏ ကတိကဝတ်များကို ပြန်လည်ဖော်ထုတ်ခြင်းဖြင့် အက်မက်စ်လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်လျက်ရှိသည့် သက်ဆိုင်ရာ အဖွဲ့အစည်းများအား ပိုမိုတွန်းအားပေးဆောင်ရွက်ရေး၊ ၂၀၁၅ခုနှစ်တွင် အာဆီယံအသိုက်အဝန်းတစ်ရပ် တည်ထောင်နိုင်ရေးကို အရှိန်မြှင့်တင်ဆောင်ရွက်ရေး၊ မိမိတို့ ချမှတ်ထားသည့် ဘုံရည်မှန်းချက်များ အောင်မြင်မှုရရှိစေရန် အစိုးရပိုင်းသာမက ပုဂ္ဂလိကအပိုင်းကပါ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်နိုင်စေရန် အားပေးကူညီဆောင်ရွက်ရေး၊ မိမိတို့၏ စီမံကိန်းများသည် ဘဏ္ဍာရေးအခက်အခဲများ ကြုံတွေ့ရခြင်းမရှိစေရန် မိမိတို့၏ ဖွံ့ဖြိုးတိုးတက်ရေးမိတ်ဖက်နိုင်ငံများ လက်တွဲပါဝင်ဆောင်ရွက်လာစေရန် ပူးပေါင်းဆောင်ရွက်ရေး၊ ACMECS နိုင်ငံများအကြား ရှိပြီးဖြစ်သော ချစ်ကြည်ရင်းနှီးမှုနှင့် အိမ်နီးချင်းကောင်းပီသသည့် ဆက်ဆံရေးများမှတစ်ဆင့် နိုင်ငံချင်းအလိုက်နှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများသည် ဒေသ၏ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ရေးတို့ပင်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာအဘီဆစ်ဝဲ့ချာချီဝ၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းနှင့် အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်ပစ်ဆူဝမ်တို့က အသီးသီး မိန့်ခွန်းပြောကြားကြသည်။

ထို့နောက် (၄)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (ACMECS) ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

❀ (၄)ကြိမ်မြောက်မှ

အဆိုပါဆွေးနွေးပွဲသို့ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆန်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အဘီဆစ်ဝဲ့ချာချီဝ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်ကိုယ်စား စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Vo Hong Phuc၊ အာဆီယံ အတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်ပစ်ဆူဝမ်၊ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညာဏ်ဝင်း၊ အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ အစိုးရအဖွဲ့ရုံးညွှန်ကြားရေးမှူးချုပ် ဦးသန့်ရှင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ သက်ဆိုင်ရာဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆန်က အဖွင့်မိန့်ခွန်းပြောကြားပြီး အစည်းအဝေးကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။

ထိပ်သီးအစည်းအဝေးတွင် ACMECS ဝန်ကြီးချုပ်များက ACMECS အဖွဲ့ဝင်နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် ပုဂ္ဂလိကကဏ္ဍ၏ ပါဝင်မှုကို အလေးထား ဆောင်ရွက်ရေး။

ACMECS စီးပွားရေးကောင်စီ၏ အခန်းကဏ္ဍ ပိုမိုမြှင့်တင်ရေး၊ စက်မှုနှင့် စွမ်းအင်ပူးပေါင်းဆောင်ရွက်ရေး၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း မြှင့်တင်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းပြီး ထိထိရောက်ရောက် အကောင်အထည်ဖော်ရေး၊ နယ်စပ်ဒေသများ၌ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လွယ်ကူချောမွေ့စေရေးတို့နှင့် စပ်လျဉ်း၍ အသေးစိတ် သဘောထားအမြင်များကို ဖလှယ်ဆွေးနွေးကြသည်။

ထို့နောက် အက်မက်စ်ဖနွမ်းပင်ကြေညာချက်စာတမ်းနှင့် ရှေ့လုပ်ငန်းစဉ် (၂၀၁၀-၂၀၁၂)တို့ကို တက်ရောက်လာကြသော အစိုးရအဖွဲ့အကြီးအကဲများက အတည်ပြုကြသည်။

ယင်းနောက် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆန်က နိဂုံးချုပ်အမှာစကားပြောကြားပြီး (၄)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (ACMECS) ထိပ်သီးအစည်း အဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၉

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Cho Byungjae သည် ယနေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံ ပို့ဆောင်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထိုသို့ တွေ့ဆုံရာတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ပို့ဆောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဖေနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)



ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Cho Byungjae လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

အထက(ဒါးပိန်) အာစရိယပူဇော်ပွဲကျင်းပမည်

ဒါးပိန် နိုဝင်ဘာ ၁၉

၁၉၅၈-၂၀၁၀ ခုနှစ် အထက(ဒါးပိန်) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲ၊ ၂၀၀၉-၂၀၁၀ တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုပွဲအခမ်းအနားနှင့် ကွယ်လွန်ပြီး ဆရာ၊ဆရာမကြီးများအား ရည်စူးလှူဒါန်းပွဲကို ဒီဇင်ဘာ ၂၆ရက်(တနင်္ဂနွေနေ့)တွင် ဒါးပိန်အထက ရွှေရတုခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ၊ အလှူရှင်များ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေများကို ရန်ကုန်မြို့တွင် ဦးစိုးကြည် ဖုန်း-၀၉-၅၁၈၆၈၁၀၊ ဦးမြင့်ကြည်(ခ) ဦးခင်မောင်ကြွယ် ဖုန်း-၀၉-၈၀-၂၅၂၆၅၊ ဦးကျော်ဇော(ခ) ဦးစောဝင်း ဖုန်း-၀၉-၅၁-၁၄၀၇၉၊ ဦးလှဌေး ဖုန်း-၀၉-၈၀-၃၁၃၅၄၊ ကိုတင်ထွန်း ဖုန်း-၀၉-၅၁၁၁၉၄၂ နှင့် ဒါးပိန်မြို့တွင် ဦးဝင်းကြည် ဖုန်း-၀၁-၇၀၉၀၂၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ACMECS ခေါင်းဆောင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များအကြား ဆွေးနွေးပွဲ

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် မိန့်ခွန်းပြောကြား

နေပြည်တော် နိုဝင်ဘာ ၁၉

ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် နိုဝင်ဘာ ၁၇ ရက် နံနက် ၁၁ နာရီခွဲတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ Peace Palace စတုတ္ထထပ်ရှိ Kesar Kaul Hall ၌ ကျင်းပသည့် ACMECS ခေါင်းဆောင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များအကြား ဆွေးနွေးပွဲသို့ တက်ရောက် မိန့်ခွန်းပြောကြားသည်။

တက်ရောက်

ဆွေးနွေးပွဲသို့ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆန်၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန်ဘုဖာဝမ်၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အဘီဆစ်ဝဲ့ချာချီဝ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်ကိုယ်စား စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန ဝန်ကြီး H.E. Mr.Vo Hong Phuc၊ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးဝင်းရှိန်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးသန့်ရှင်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင် ခေါင်းဆောင်သော ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များနှင့် ACMECS အဖွဲ့ဝင်နိုင်ငံများမှ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆန်က အဖွင့်မိန့်ခွန်းပြောကြားသည်။

ဆွေးနွေးတင်ပြ

ထို့နောက် ကမ္ဘောဒီးယားနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ACMECS JBC ဥက္ကဋ္ဌ Oknha Kith Meng က စီးပွားရေးဖိုရမ်၏ လုပ်ငန်းစဉ်နှင့် ပုဂ္ဂလိကကဏ္ဍခေါင်းဆောင်များထံသို့ အကြံပြုတင်ပြသည့် အစီရင်ခံစာကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် ထိပ်သီးအစည်းအဝေးကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။

ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းမှ တင်ပြချက်များအပေါ် ACMECS နိုင်ငံခေါင်းဆောင်များက ACMECS စီးပွားရေးကောင်စီ ခိုင်မာရှင်သန်စေရေးနှင့် စပ်လျဉ်း၍ ACMECS ပူးတွဲစီးပွားရေးကောင်စီ ဖွဲ့စည်းရေး။

ACMECS စီးပွားရေးကောင်စီ၏ သဘာပတိနှင့် ဒုတိယသဘာပတိများ၏ သက်တမ်းကို နှစ်နှစ်သတ်မှတ်ပြီး အက္ခရာစဉ်အလိုက် လှည့်လည်ရေး။

ကောင်စီ၏ အမြဲတမ်းရုံးအဖွဲ့ကို ပထမ လေးနှစ်သက်တမ်းအတွက် ထိုင်းနိုင်ငံတွင် ဖွင့်လှစ်ရေး။

ACMECS နိုင်ငံများအကြား ညီအစ်မမြို့တော် အစီအစဉ်ချမှတ် အကောင်အထည်ဖော်ရေးကို မြန်မြန်ဆန်ဆန် ဆောင်ရွက်ရေး။

နယ်စပ်ဒေသများ တစ်လျှောက် ACMECS ကုန်စည်ပြပွဲများ ကြီးမှူးကျင်းပရေးနှင့် ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့ တည်ထောင်ရေးကို ဦးစားပေးလုပ်ငန်းရပ်အဖြစ် လမ်းပြမြေပုံများတွင် ဖော်ပြရေး။

နှစ်နိုင်ငံငွေကြေးစနစ် အသုံးပြု

နယ်စပ်ကုန်သွယ်ရေး ငွေပေးချေမှုလွယ်ကူချောမွေ့စေရေးနှင့် စပ်လျဉ်း၍ ACMECS နိုင်ငံများမှ အမျိုးသားဘဏ်များ နှစ်နိုင်ငံ၏ ငွေကြေးစနစ်ဖြင့် အသုံးပြုနိုင်ရန် ဆောင်ရွက်ရေး။

ကန်ထရိုက် စိုက်ပျိုးရေးလုပ်ငန်း

လယ်ယာစိုက်ပျိုးရေးတွင် နှစ်ဦးနှစ်ဖက် အကျိုးတူလုပ်ငန်းဖြစ်စေမည့် ကန်ထရိုက် စိုက်ပျိုးရေးလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရေး။

လယ်ယာထုတ်ကုန်များ အရည်အသွေးမြင့်မားရေးအတွက် နည်းပညာလွှဲပြောင်းရရှိရေး၊ သင်တန်းအကူအညီပေးရေးတို့အပြင် သတင်းအချက်အလက်ဖလှယ်ရေးနှင့် ကျွမ်းကျင်မှု ပူးပေါင်းဆောင်ရွက်ရေး။

အပင်နှင့် ပိုးမွှားများဆိုင်ရာ စံချိန်စံညွှန်းများနှင့် စပ်လျဉ်း၍ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ သီးနှံအမယ်သစ်များ တိုးချဲ့ဆောင်ရွက်ရေး။

ACMECS နိုင်ငံများအကြား အဖွဲ့လိုက်ခရီးသွားလုပ်ငန်းများတွင် Single Visa စနစ်အသုံးပြုနိုင်ရေး။

စက်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးတက်မြင့်မားရန် ပူးပေါင်းထုတ်လုပ်မှုလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရေး။

ပူးတွဲလုပ်ငန်းအဖွဲ့များ ဖွဲ့စည်း

မဲခေါင်နိုင်ငံများအတွင်း အထူးစီးပွားရေးဇုန်များ ဆက်လက်လုပ်ကိုင်နိုင်ရန် ပူးတွဲလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းရေး။

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်းသည်များကို အမြင်ချင်းဖလှယ် ဆွေးနွေးပြောကြားကြသည်။

ထို့နောက် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်က ပြန်လည်သုံးသပ်ဆွေးနွေးပြီး မွန်းလွဲပိုင်းတွင် ဆွေးနွေးပွဲကိုရပ်နားသည်။

(သတင်းစဉ်)

တက်ရောက်

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ACMECS ခေါင်းဆောင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များအကြား ဆွေးနွေးပွဲသို့ တက်ရောက်စဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်အား

လာအိုနိုင်ငံ ဝန်ကြီးချုပ် တွေ့ဆုံနှုတ်ဆက်

နေပြည်တော် နိုဝင်ဘာ ၁၉

ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန်ဘုဖာဝမ်းသည် နိုဝင်ဘာ ၁၇ ရက် မွန်းလွဲ ၁ နာရီတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ Peace Palace တတိယထပ်ရှိ Yakto Room ၌ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။

ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးဝင်းရှိန်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်တင်တို့ တက်ရောက်ကြပြီး လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်းနှင့်အတူ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E Dr. Thongloun SISOULITH၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Yaseng LAO နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာရေးနှင့် အကျိုးတူစီးပွားရေး ကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးကြသည်။ (သတင်းစဉ်)

တွေ့ဆုံနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်အား လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း ဖနောင်ပင်မြို့ Peace Palace ၌ တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် ACMECS အဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များ ကမ္ဘောဒီးယားဘုရင်အား ဂါရဝပြုတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၉

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ကျင်းပသည့် (၄)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (အက်မက်စ်) ထိပ်သီးအစည်းအဝေးနှင့် (၅)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ်(စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့သော နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆန်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အဘီဆစ်ဝဲ့ချာချီဝနှင့် ဗီယက်နမ်နိုင်ငံ စီမံကိန်းနှင့်ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Vo Hong Phuc တို့နှင့်အတူ ကမ္ဘောဒီးယားနိုင်ငံဘုရင် နိုရိုဒွန်သီဟာမိုနီအား နိုဝင်ဘာ ၁၇ ရက် ညနေ ၄ နာရီတွင် ဖနောင်ပင်မြို့ရှိ ဘုရင့်နန်းတော်သို့ သွားရောက်တွေ့ဆုံ ဂါရဝပြုနှုတ်ဆက်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် ACMECS အဖွဲ့ဝင် နိုင်ငံများမှ ခေါင်းဆောင်များသည် ဘုရင့်နန်းတော်သို့ ရောက်ရှိကြရာ ရှေးဦးစွာ ဒုတိယ ဝန်ကြီးချုပ်နှင့် ဘုရင့်နန်းတော်ဝန်ကြီး H.E. Mr. Samdech Chaufea Veang Kong Som Ol က ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် ACMECS အဖွဲ့ဝင် နိုင်ငံများမှ ခေါင်းဆောင်များသည် ကမ္ဘောဒီးယားနိုင်ငံ ဘုရင်အား ဂါရဝပြု တွေ့ဆုံကြသည်။

နှုတ်ခွန်းဆက်

ယင်းနောက် ACMECS အဖွဲ့ဝင် နိုင်ငံများမှ ခေါင်းဆောင်များကိုယ်စား ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆန်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး ဂါရဝပြုတွေ့ဆုံပွဲ အခမ်း အနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် ACMECS အဖွဲ့ဝင် နိုင်ငံများမှ ခေါင်းဆောင်များသည် ကမ္ဘောဒီးယားနိုင်ငံဘုရင်နှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ACMECS အဖွဲ့ဝင် နိုင်ငံများမှ ခေါင်းဆောင်များသည် ဘုရင့် နန်းတော်မှ ပြန်လည်ထွက်ခွာကြရာ ဒုတိယဝန်ကြီးချုပ်နှင့် ဘုရင့်နန်းတော် ဝန်ကြီးက ပို့ဆောင်နှုတ်ဆက်သည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်အား ကမ္ဘောဒီးယားနိုင်ငံဘုရင် နိုရိုဒွန်သီဟာမိုနီက ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ်၊ ဗီယက်နမ်နိုင်ငံစီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန ဝန်ကြီးတို့ ကမ္ဘောဒီးယားနိုင်ငံဘုရင် နိုရိုဒွန်သီဟာမိုနီအား ဖနောင်ပင်မြို့ရှိ ဘုရင့်နန်းတော်၌ တွေ့ဆုံနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၀-၁၁-၂၀၁၀(စနေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၂၀ ၃။ ဓမ္မပူဇာတေး
- ၇း၂၅ ၄။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၆။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၇။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၈။ ပြီးပါပြီ။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ မြဝတီအဖွင့်
- ၁၁း၀၅ ၂။ အဖွင့်သီချင်း
- ၁၁း၁၀ ၃။ နိုင်ငံတော်သီချင်း
- ၁၁း၂၀ ၄။ အမျိုးသားရေးတေးကဗျာ
- ၁၁း၃၀ ၅။ **ကာတွန်းအစီအစဉ် -ချစ်မိတ်ဆွေဗလကြီး (အပိုင်း-၅)**
- ၁၂း၀၀ ၆။ **ရုပ်မြင်သံကြားဇာတ်လမ်း -ပုံပြင်ရိုင်း [ပြေတီဦး (နှစ်ကိုယ်ခွဲ)၊ မေကဗျာ၊ ဟန်နီထွန်း] (ဒါရိုက်တာ-ညီညီထွန်းလွင်)**
- ၁း၃၀ ၇။ အမျိုးသားရေးတေးကဗျာ
- ၂း၀၀ ၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်မျက်ရည်လေးပြယ်ပါစေ (အပိုင်း-၁၆)**
- ၂း၅၅ ၉။ အပိတ်နှုတ်ဆက်စကား
- ၃း၀၀ ၁၀။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ နိုင်ငံတော်သီချင်း
- ၄း၁၅ ၄။ အမျိုးသားရေးတေးကဗျာ
- ၅း၀၀ ၅။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
- ၅း၂၀ ၆။ အမျိုးသားရေးတေးကဗျာ
- ၅း၄၀ ၇။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
- ၆း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ ၉။ အမျိုးသားရေးတေးကဗျာ
- ၆း၃၀ ၁၀။ စားဖိုဆောင်ချစ်သူ
- ၆း၅၀ ၁၁။ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
- ၇း၀၀ ၁၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကြယ်စင်ညီအစ်မများ (အပိုင်း-၂၈)**
- ၈း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၄။ အမျိုးသားရေးတေးကဗျာ
- ၁၅။ နိုင်ငံတကာသတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ လူ့ရွှင်တော်စကား
- ၁၈။ အင်္ဂလိပ်စာသုတ
- ၁၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အပြုံးပန်းလေးရဲ့ ဖန်ဆင်းရှင် (အပိုင်း-၂၈)**
- ၂၀။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း (အပိုင်း-၃)**
- ၂၁။ သင့်အတွက်မနက်ဖြန်
- ၂၂။ အပိတ်နှုတ်ဆက်စကား
- ၂၃။ ပြီးပါပြီ။

၂၀၁၁ ခုနှစ် နေ့စဉ်မှတ်တမ်းစာအုပ် ဖြန့်ချိ

နေပြည်တော် နိုဝင်ဘာ ၁၉

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းက ၂၀၁၁ ခုနှစ် နေ့စဉ်မှတ်တမ်းစာအုပ်ကို ဖြန့်ချိ ရောင်းချနေပြီဖြစ်သည်။

ရိုက်နှိပ်ထား

အဆိုပါစာအုပ်တွင် ၂၀၁၀ နှင့် ၂၀၁၁ ခုနှစ်အတွင်း ပြက္ခဒိန်ဇယား၊ အရေးကြီးဖုန်းနံပါတ်များ၊ မြို့အသီးသီး၏ ဖုန်းသင်္ကေတနံပါတ်များ၊ မက်ထရစ်စနစ် ပြောင်းလဲမှုဇယား၊ နေပြည်တော်မှ နယ်စပ်မြို့များသို့ ကားလမ်း၊ မီးရထား လမ်းခရီးစဉ်များ၊ ၂၀၁၁ ခုနှစ်အတွင်း အစိုးရရုံးပိတ်ရက်များပါရှိပြီး စာအုပ်ကို စက္ကူဖြူချောဖြင့် သေသပ်လှပစွာ ရိုက်နှိပ်ထားသည်။

၂၀၁၁ ခုနှစ် နေ့စဉ်မှတ်တမ်းစာအုပ်ကို တစ်အုပ်လျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း-၀၆၇-၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်ဆိုင် မန္တလေးမြို့ ဖုန်း-၀၂-၆၂၉၂၅ နှင့် ၆၂၉၃၁၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင် အမှတ်(၂၁၂) သိမ်ဖြူလမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၉၄၃၀၆၊ အင်းဝစာအုပ်ဆိုင် အမှတ်(၂၃၂) ဆူးလေဘုရားလမ်း ရန်ကုန်မြို့နှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ် ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နယူးမန္တလာထွန်း အဆင့်မြင့် ခရီးသည်ပို့ဆောင်ရေး စုပေါင်းလှူဒါန်းပွဲအဖြစ် အလှူဒါနပြုမည်

ရန်ကုန် နိုဝင်ဘာ ၁၉

နယူးမန္တလာထွန်းအဆင့်မြင့်ခရီးသည် ပို့ဆောင်ရေးယာဉ်လိုင်းသည် နောက်ဆုံးပေါ် လေအိတ်ကားသစ်ကြီးများဖြင့် ရန်ကုန်မြို့မှ မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ပြင်ဦးလွင်နှင့် တောင်ကြီးမြို့များသို့ နေ့စဉ် ပြေးဆွဲလျက်ရှိသည်။

နယူးမန္တလာထွန်း အဆင့်မြင့်ခရီးသည် ပို့ဆောင်ရေး၏ ပဉ္စမအကြိမ်မြောက် မိသားစု စုပေါင်းလှူဒါန်းပွဲကို နိုဝင်ဘာ ၂၁ ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် ဉာဏရပ်ကွက် မြတ်လေးလမ်းရှိ သာသနရက္ခိတ ပရိယတ္တိစာသင်တိုက်၌ ကျင်းပပြီး စုပေါင်းလှူဒါန်းပွဲ အောင်ပွဲအဖြစ် နိုဝင်ဘာ ၂၂ ရက် (တနင်္လာနေ့)တွင် ရန်ကုန်မှ မုံရွာ၊ တောင်ကြီး၊ ပြင်ဦးလွင်၊ စစ်ကိုင်းနှင့် မန္တလေးမြို့များသို့ ထွက်ခွာမည့် အထွက်ကားအားလုံးနှင့် အဆိုပါမြို့များမှ ရန်ကုန်မြို့သို့ လာရောက်မည့် အဝင်ကားအားလုံးတွင် ပါရှိသည့် နယူးမန္တလာထွန်း အဆင့်မြင့် ပို့ဆောင်ရေး ခရီးသည်အားလုံး၏ ညစာများကို စားသောက်ဆိုင် အသီးသီးတွင် အခမဲ့ ကျွေးမွေးဧည့်ခံမည်ဖြစ်ကြောင်း သိရသည်။

နယူးမန္တလာထွန်း အဆင့်မြင့်ခရီးသည် ပို့ဆောင်ရေးသည် ရန်ကုန်မြို့ အောင်မင်္ဂလာအဝေးပြေးဝင်းရှိ မြင်းခြံလမ်း ဏ/E(၁၇/၁၈)တွင် ဖွင့်လှစ်ထားရှိပြီး ဖုန်း-၀၁-၇၀၁၇၇၂၊ ၇၀၃၉၆၉၊ ၇၀၆၀၂၈ နှင့် ၇၀၇၅၅၉ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ၏ ကြီးကြပ်မှုဖြင့် ဘုရားဈေးသစ် ဈေးမီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဈေးအတွင်း မီးငြှိမ်းသတ်ရေးဇာတ်တိုက်လေ့ကျင့်ခြင်းကို နိုဝင်ဘာ ၁၄ ရက်က မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအကျိုးဆောင်အဖွဲ့ဝင်များနှင့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများဖြင့် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြန်မာအားကစားအသင်း ငွေတံဆိပ်တစ်ခု ထပ်မံဆွတ်ခူးရရှိ

ရန်ကုန် နိုဝင်ဘာ ၁၉

(၁၆)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ကျိုးမြို့၌ ယနေ့ ဆက်လက်ကျင်းပရာ အမျိုးသား မီတာ ၅၀၀ နဂါးလှေပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် လှေလှော်အားကစားအဖွဲ့က ဒုတိယငွေတံဆိပ် ဆွတ်ခူးရရှိပြီး အင်ဒိုနီးရှားက ပထမနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံက တတိယရရှိကြသည်။

ဆွတ်ခူးရရှိ

ယနေ့အထိ မြန်မာနိုင်ငံက ငွေတံဆိပ်လေးခုနှင့် ကြေးတံဆိပ်တစ်ခုတို့ကို ဆွတ်ခူးရရှိပြီးဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဥတုရာသီ တောကိုမှီ၏

ကြိုတင်ဆန္ဒမဲနှင့် ရွေးကောက်ပွဲအစဉ်အလာ

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးသည်ကား အောင်မြင်စွာ ကျင်းပပြီးစီးပြီဖြစ်ပါသည်။ မဲဆန္ဒရှင် ပြည်သူအပေါင်းတို့က မိမိတို့၏ လွတ်လပ်သော သဘောဆန္ဒများဖြင့် လွှတ်တော်ကိုယ်စားလှယ်များကို ရွေးချယ်ဆန္ဒပြုခဲ့ကြပြီး ဖြစ်ပေသည်။ ရွေးကောက်ပွဲကော်မရှင် အဆင့်ဆင့်ကလည်း မိမိတို့လုပ်ငန်းစဉ်များအား ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်၍ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်း၏ ခိုင်လုံသော ဆန္ဒမဲရရှိမှု အခြေအနေကို ကြေညာလျက်ရှိပြီ ဖြစ်ပါသည်။

သို့သော် ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ နိုင်ငံရေးပါတီအဖွဲ့အစည်းအချို့က လည်းကောင်း၊ ပြည်ပ သတင်းမီဒီယာအချို့က လည်းကောင်း ရွေးကောက်ပွဲရလဒ်သည် တရားမဝင် ကြိုတင်ဆန္ဒမဲများကြောင့် ပြည်သူတို့၏ ဆန္ဒနှင့် ကွဲလွဲသော ရလဒ်များ ဖြစ်ပေါ်ခဲ့ရကြောင်း စွပ်စွဲပြောကြားချက်နှင့် ကြေညာချက်များ ထွက်ပေါ်နေသည်ကို ကြားသိနေရပါသည်။

ကြိုတင်ဆန္ဒမဲဆိုသည်မှာ ရွေးကောက်ပွဲ ကျင်းပသည့်နေ့တွင် မဲဆန္ဒနယ်အတွင်း၌ ရှိသော်လည်း မဲရုံသို့ ကိုယ်တိုင်လာရောက် ဆန္ဒမဲ မပေးနိုင်သည့်အတွက် လည်းကောင်း၊ မဲဆန္ဒရှင်တစ်ဦးဦးသည် မိမိအမည်ပါဝင်သော မဲဆန္ဒနယ်၏ ပြင်ပသို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေသည့်အတွက် လည်းကောင်း ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံးစေရန် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲက လုပ်ထုံးလုပ်နည်းအတိုင်း ကြိုတင်ပေးခွင့်ပြုသည့် ဆန္ဒမဲ ဖြစ်ပါသည်။

ကြိုတင်ဆန္ဒမဲ ပေးခွင့်ရှိခြင်းသည် ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲတွင်မှ ပေါ်ပေါက်လာခြင်းမဟုတ်ဘဲ ၁၉၄၇ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပုဒ်မ ၇၇ အရ ပြဋ္ဌာန်းခဲ့သည့် ၁၉၄၈ ခုနှစ် ပါလီမန်ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများတွင် လက်နက်ကိုင်တပ် အမှုထမ်းနှင့် အိမ်ထောင်သားစုများအတွက် ကြိုတင်ဆန္ဒမဲပေးခြင်း နည်းလမ်းကို နည်းဥပဒေများ ၇၀-ဇ တွင် လည်းကောင်း၊ သံအမှုထမ်း၊ အရာထမ်းများ၊ နိုင်ငံပြင်ပရောက် ပညာတော်သင်များ ကြိုတင်ဆန္ဒမဲပေးရန် နည်းလမ်းကို နည်းဥပဒေများ ၇၀-ဗ တွင် လည်းကောင်း၊ တက္ကသိုလ်ကျောင်းသားနှင့် အခြားပညာတော်သင်များ မဲရုံသို့မသွားဘဲ ကြိုတင်ဆန္ဒမဲပေးနိုင်သည့် နည်းလမ်းကို နည်းဥပဒေများ ၇၀-ဒ တွင် လည်းကောင်း၊ အချုပ်တရားခံများ

ဥပဒေလေ့လာသူတစ်ဦး

နှင့် တရားမအကျဉ်းသားတို့ ကြိုတင်ဆန္ဒမဲပေးရန် နည်းလမ်းကို နည်းဥပဒေများ ၇၀- ပတွင် လည်းကောင်း အသီးသီးဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ အလားတူ ၁၉၇၃ ခုနှစ် ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲကျင်းပရေး ဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ (၁၆)နှင့် (၁၇)တို့တွင် ကြိုတင်ဆန္ဒမဲပေးရန် နည်းလမ်းကို ပြဋ္ဌာန်းထားပြီး ယင်းနည်းဥပဒေများ ၄၅၊ ၄၆၊ ၄၇၊ ၄၈နှင့် ၄၉ တို့တွင်လည်း ကြိုတင်ဆန္ဒမဲပေးရာတွင် လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများကို ဖော်ပြထားပါသည်။ ထို့နောက် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၆ အရ ပြဋ္ဌာန်းခဲ့သည့် ၁၉၇၆ ခုနှစ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင် ဥပဒေ ပုဒ်မ ၁၆ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၁၄)နှင့် ပုဒ်မ ၁၈ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၈)နှင့် (၉) တို့တွင်လည်း ကြိုတင်ဆန္ဒမဲပေးနိုင်သည့် နည်းလမ်းကို ပြဋ္ဌာန်းကျင့်သုံးခဲ့ကြပါသည်။

၁၉၈၉ ခုနှစ် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၃၈နှင့် ၃၉ တို့တွင် လည်းကောင်း၊ ယင်းနည်းဥပဒေများ ၅၆ နှင့် ၆၀ မှ ၆၈ အထိတွင်လည်းကောင်း ကြိုတင်ဆန္ဒမဲပေးနိုင်သည့် နည်းလမ်းများ ပြဋ္ဌာန်းကျင့်သုံးခဲ့သည့် သာဓကများရှိခဲ့ပါသည်။ ဒီမိုကရေစီစနစ်ကျင့်သုံးသည့် နိုင်ငံအများအပြားတွင် ပြည်သူ့ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ရန် ကျင်းပသည့် ရွေးကောက်ပွဲများ၌လည်း မဲရုံသို့ တိုက်ရိုက်လာရောက်ဆန္ဒမဲပေးသည့် နည်းလမ်းအပြင် မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များအတွက် ကြိုတင်ဆန္ဒမဲဖြင့် ဆန္ဒပြုသည့်နည်းလမ်းကို ခွင့်ပြုကျင့်သုံးလျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ထို့အတူ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၇ အရ ပြဋ္ဌာန်းသည့် ၂၀၁၀ ပြည့်နှစ် လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများ၌လည်း ကြိုတင်ဆန္ဒမဲပေးခြင်းနှင့် စပ်လျဉ်း၍ ထည့်သွင်းပြဋ္ဌာန်းပြီး ကျင့်သုံးခဲ့ပါသည်။ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်များတွင် သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲက ကြိုတင်ဆန္ဒမဲပေးနိုင်ရန် စီစဉ်ပေးရမည့်သူများနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲက ကြိုတင်ဆန္ဒမဲပေးနိုင်ရန် စီစဉ်ပေးရမည့်သူများဟူ၍ နှစ်မျိုးတွေ့ရှိနိုင်ပါသည်။

ယင်း မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးနိုင်ရန် မြို့နယ်ကော်မရှင်အဖွဲ့ခွဲက လည်းကောင်း၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲကလည်းကောင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စီစဉ်ဆောင်ရွက်ပေးရပါသည်။ ကြိုတင်ဆန္ဒမဲပေးခြင်းကိစ္စရပ်သည် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် အကျုံးဝင်မှသာ သတ်မှတ်ထားသော နည်းလမ်းများအတိုင်း မဲဆန္ဒရှင်များက ကြိုတင်၍ ဆန္ဒပြုရခြင်းဖြစ်ပါသည်။ ကြိုတင်ဆန္ဒမဲ ပေးစေရန်အတွက် မည်သူကမှ တိုက်တွန်းလှုံ့ဆော်ခြင်း၊ ညွှန်ကြားခြင်း မပြုနိုင်သကဲ့သို့ မဲဆန္ဒရှင် ကိုယ်တိုင်ကလည်း သတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိလျှင် ကြိုတင်ဆန္ဒမဲပေးရန် တောင်းဆိုပိုင်ခွင့် မရှိသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။

ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးသည့် နည်းလမ်းသည် နိုင်ငံသားတိုင်း မိမိတို့၏အခွင့်အရေးကို လွတ်လပ်စွာကျင့်သုံးနိုင်ရေးအတွက် ပြဋ္ဌာန်းထားခြင်းဖြစ်ပါသည်။ ထိုသို့ ဆန္ဒမဲပေးရာတွင် အကယ်၍အချို့မှာ ဥပဒေနှင့် ညီညွတ်မှုမရှိကြောင်း တွေ့ရှိပါက ယင်းတို့ကို ဥပဒေနှင့်အညီ ကုစားနိုင်ရေးအတွက် ပြဋ္ဌာန်းထားရှိသည်ကိုလည်း တွေ့ရှိရပါသည်။

ကြိုတင်ဆန္ဒမဲကို မဲဆန္ဒရှင်က မိမိနှစ်သက်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းအား ရွေးချယ်မဲပေးခွင့်ရှိသည့်အတွက် မည်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းမဆို ကြိုတင်ဆန္ဒမဲ ရရှိနိုင်ပါသည်။ ရရှိသောကြိုတင်ဆန္ဒမဲ အရေအတွက်၏ ရလဒ်ကိုလည်း လွှတ်တော်ကိုယ်စားလှယ်အားလုံးက ခံစားခွင့် ရှိကြပါသည်။ သို့ဖြစ်၍ အကြောင်းအမျိုးမျိုးကြောင့် မဲရုံသို့ကိုယ်တိုင်လာရောက်ဆန္ဒမဲမပေးနိုင်သည့်အတွက် ဥပဒေနှင့် အညီ မဲဆန္ဒရှင် ပြည်သူတို့၏ လွတ်လပ်သော သဘောဆန္ဒအမှန်ဖြင့် ဆန္ဒပြုခဲ့ကြသည့် ကြိုတင်ဆန္ဒမဲများသည် ပြည်သူတို့၏ ဦးနှောက်နှင့် နှလုံးသားမှ မဲများပင်ဖြစ်သည်ကို လေ့လာတွေ့ရှိရပါကြောင်း ဖော်ပြအပ်ပါသည်။ ။

★ **ဆန္ဒမဲပေးရာတွင် အကယ်၍ အချို့မှာ ဥပဒေနှင့် ညီညွတ်မှုမရှိကြောင်း တွေ့ရှိပါက ယင်းတို့ကို ဥပဒေနှင့်အညီ ကုစားနိုင်ရေးအတွက် ပြဋ္ဌာန်းထားရှိသည်ကိုလည်း တွေ့ရှိရ။**

★ **ကြိုတင်ဆန္ဒမဲကို မဲဆန္ဒရှင်က မိမိနှစ်သက်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းအား ရွေးချယ်မဲပေးခွင့်ရှိသည့်အတွက် မည်သည့် လွှတ်တော် ကိုယ်စားလှယ်လောင်းမဆို ကြိုတင်ဆန္ဒမဲရရှိနိုင်။**

★ **ရရှိသော ကြိုတင်ဆန္ဒမဲ အရေအတွက်၏ ရလဒ်ကိုလည်း လွှတ်တော်ကိုယ်စားလှယ် အားလုံးက ခံစားခွင့်ရှိကြ။**

☆ **မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးနိုင်ရန် မြို့နယ်ကော်မရှင်အဖွဲ့ခွဲက လည်းကောင်း၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲက လည်းကောင်း၊ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စီစဉ်ဆောင်ရွက်ပေးရ။**

☆ **ကြိုတင်ဆန္ဒမဲပေးခြင်း ကိစ္စရပ်သည် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများပါပြဋ္ဌာန်းချက်များနှင့် အကျုံးဝင်မှသာ သတ်မှတ်ထားသော နည်းလမ်းများအတိုင်း မဲဆန္ဒရှင်များက ကြိုတင်၍ ဆန္ဒပြုရခြင်းဖြစ်။**

☆ **ကြိုတင်ဆန္ဒမဲပေးစေရန်အတွက် မည်သူကမှ တိုက်တွန်းလှုံ့ဆော်ခြင်း၊ ညွှန်ကြားခြင်း မပြုနိုင်သကဲ့သို့ မဲဆန္ဒရှင် ကိုယ်တိုင်ကလည်း သတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိလျှင် ကြိုတင်ဆန္ဒမဲပေးရန် တောင်းဆိုပိုင်ခွင့် မရှိသည်ကို တွေ့ရှိရ။**

၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆက်လက်ကျင်းပ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့် ကြည့်ရှုအားပေး

နေပြည်တော် နိုဝင်ဘာ ၁၉

၂၀၁၀ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်အနီး မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျင်းပရေးဗဟိုကော်မတီ နာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့် လာရောက်ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ ဝန်ကြီး ဦးအုန်းမြင့်သည် ပုလဲပြခန်း၌ တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချမည့် ပုလဲအတွဲများကိုလည်းကောင်း၊ မဏိရတနာ ကျောက်စိမ်းခန်းမ၌ တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချမည့် ကျောက်စိမ်းအတွဲများနှင့် ကျောက်မျက်အတွဲများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်တွင်း၊ ပြည်ပမှ ရတနာကုန်သည်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

၂၀၁၀ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းအတွဲများကို ပြည်တွင်း၊ ပြည်ပမှ ရတနာကုန်သည်များ စိတ်ဝင်တစား ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

နံနက် ၉ နာရီမှစတင်၍ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် ပြည်တွင်းပုလဲ ကုမ္ပဏီများ၏ ပုလဲအတွဲများကို တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချရာ ပုလဲအတွဲပေါင်း ၇၀ ကို ရောင်းချနိုင်ခဲ့၍ ယနေ့အထိ ပုလဲအတွဲပေါင်း ၂၀၇ တွဲကို တင်ဒါစနစ်ဖြင့် ရောင်းချနိုင်ခဲ့ကြောင်း သိရှိရသည်။

အလားတူ မွန်းလွဲပိုင်းတွင် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် ပြည်တွင်းပုလဲ ကုမ္ပဏီများ၏ ပုလဲအတွဲများကို ဈေးပြိုင်စနစ်ဖြင့် စတင်ရောင်းချရာ ပြည်တွင်း၊ ပြည်ပမှ ရတနာကုန်သည်များ ဈေးပြိုင်ပေး၍အပြိုင်အဆိုင်ဝယ်ယူခဲ့ကြပြီး ပုလဲအတွဲပေါင်း ၃၀ ကို ရောင်းချနိုင်ခဲ့ကြောင်း သိရှိရသည်။

ညနေပိုင်းတွင် ပုလဲအတွဲများ ရောင်းချမှုပြီးစီးသွားရာ ၂၀၁၀ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲဗဟိုကော်မတီအတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေး လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေက မြန်မာ့ပုလဲရောင်းချပွဲတွင် ပုလဲအတွဲအများဆုံး ဝယ်ယူသူဆု ရရှိသော စိန်ပုလဲရတနာဆိုင်မှ ဒေါ်အေးအေးမွန်အား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်သည်။

ထို့အတူ ပြည်တွင်း၊ ပြည်ပမှ ရတနာကုန်သည်များသည် တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချမည့် ကျောက်စိမ်းအတွဲများနှင့် ကျောက်မျက်အတွဲများကို စိတ်ဝင်တစားကြည့်ရှုလေ့လာကြပြီး အဆိုပြုလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ရတနာပစ္စည်းအရောင်းဆိုင်ခန်းများ ဖွင့်လှစ်၍ ခင်းကျင်းပြသရောင်းချလျက်ရှိရာ ပြည်တွင်း၊ ပြည်ပမှ ရတနာကုန်သည်များ စိတ်ဝင်တစားကြည့်ရှုလေ့လာကြပြီး ရတနာပစ္စည်းများကို ဝယ်ယူအားပေးကြသည်။

နေပြည်တော်၌ ပထမဆုံးအကြိမ် ကျင်းပသည့် ၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မဏိရတနာကျောက်စိမ်းခန်းမ၌ နိုဝင်ဘာ ၂၉ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

၂၀၁၀ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျင်းပရေးဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့် ပြည်တွင်း၊ ပြည်ပမှ ရတနာကုန်သည်များက ကျောက်မျက်ရတနာများ ရွေးချယ်နေမှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

ပြည်တွင်း၊ ပြည်ပမှ ရတနာကုန်သည်များ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် ပြည်တွင်းပုလဲ ကုမ္ပဏီများ၏ ပုလဲအတွဲများကို ရွေးချယ်ဝယ်ယူကြစဉ်။

(သတင်းစဉ်)

အထက(၁၀)တာမွေ မြတ်ဆရာပူဇော်မည်

ရန်ကုန် နိုဝင်ဘာ ၁၉

၁၉၆၆ ခုနှစ်မှ ၂၀၁၀ ခုနှစ် အထက(၁၀) တာမွေ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၆)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၈ ရက်(စနေနေ့)တွင် ကျင်းပမည်ဖြစ်ပါသဖြင့် လုပ်သက်(၁၀)နှစ် အသက်(၆၀) အထက် ဆရာကြီး၊ ဆရာမကြီးများ အပူဇော်ခံ ကြွရောက်ပါရန်နှင့် ဆက်သွယ်လှူဒါန်းလိုပါက ဒုတိယဗိုလ်မှူးကြီးစိုးတင့်(ငြိမ်း) ဖုန်း-၀၉-၅၁၃ ၉၆၆၉၊ ဦးချစ်လှ ဖုန်း-၀၉-၉၉၂၀၂၄၉၊ ဦးမောင်လုံး ဖုန်း-၀၉-၅၁၂၃၅၅၀၊ ကိုဝင်းနိုင် ဖုန်း-၀၉-၅၁၅၅၃၄၁၊ မဥမ္မာ ဖုန်း-၀၉-၄၉၂၇၁၃၇၂ နှင့် မခင်မြတ်နိုး ဖုန်း-၇၃၁၁၂၆၆၃၊ ၇၃၀၃၄၈၈၇ နှင့် အထက(၁၀) ကျောင်းရုံးခန်းသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၁၁-၂၀၁၀ (စနေနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo
ပဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ်+
ဗောဇ္ဈင်္ဂသုတ်+ပုဗ္ဗဏှသုတ်
၅း၂၀ MRTV-4 သတင်း
၅း၅၀ "ဗောဇ္ဈင်္ဂသုတ်အနှစ်ချုပ်'
တရားတော်
(အပြည်ပြည်ဆိုင်ရာထေရဝါဒ
ဗုဒ္ဓသာသနာပြုတက္ကသိုလ်
ပါမောက္ခချုပ်ဆရာတော်
အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ
နန္ဒမာလာဘိဝံသ)
၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ**
"လောကဝက်ပါ"
(အပိုင်း-၈၀)
၇း၃၀ MRTV-4 သတင်း
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ**
"အရိပ်စစ်"
(အပိုင်း-၄၇)
၈း၄၀ နိဗ္ဗာန်ကိုရည်သန်. . .
ဖူးကြမည်ဧကန်မြတ်စေတီ
ကျိုက်သလ္လံ
၉း၀၀ သက်ကြီးဆရာဝန်များထောက်ကူ
အဖွဲ့၏ဂါရဝကုသိုလ်
၉း၁၅ ဆူးလေစေတီတော်ဘက်စုံမွမ်းမံ
ပြန်လည်တည်ဆောက်ရေး
၉း၂၀ Gobal Panorama
(ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၉း၅၀ အသံတိတ်အိပ်မက်ဆိုး
(မေသန်းနု၊ ချစ်သုဝေ၊ဂျင်းနီး)
[ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]
၁၀း၃၅ သွားမယ်စားမယ်
(Part's Korea အသားကင်)
၁၁း၀၀ ပန်းချီပြခန်း
(Beyond The Flowers)
၁၁း၁၅ ဟိုတယ်လမ်းညွှန်
(Hotel by the Red Canal)
၁၁း၅၀ သူတို့ပြောတဲ့သူတို့အကြောင်း
(ဒါရိုက်တာကြည်စိုးထွန်း
နှင့်တွေ့ဆုံခြင်း)
(အပိုင်း-၂)
၁၂း၂၅ ပြီးပြည့်စုံသော
အလှတရားအတွက်
Angel Fitness Centre
၁၂း၄၅ မြတ်နိဗ္ဗာန်ဆီသို့ ရည်ရွယ်စူး
ပဋိစ္စသမုပ္ပာဒ်သင်တန်းထူး
၁း၀၀ "ဗောဇ္ဈင်္ဂသုတ်အနှစ်ချုပ်'
တရားတော်
(အပြည်ပြည်ဆိုင်ရာထေရဝါဒ
ဗုဒ္ဓသာသနာပြုတက္ကသိုလ်
ပါမောက္ခချုပ်ဆရာတော်
အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ
နန္ဒမာလာဘိဝံသ)
၂း၀၀ MRTV-4 သတင်း
၂း၂၀ Talent Show
(မွန်ပြည့်နယ်ကိုကိုနိုင်)
၂း၅၅ VJ Choice
၃း၂၅ Kid's Show
၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ**
"အရိပ်စစ်"
(အပိုင်း-၄၇)
၄း၄၅ ဆီဖြစ်လာမည့်နှမ်းလုံးများ
၄း၅၅ တိကျတဲ့အချိန်တိုင်းအတွက်
၅း၁၅ Sports Diary
၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀ MRTV-4 သတင်း
၆း၂၀ Movie Talk
[ဒါရိုက်တာကြည်စိုးထွန်း၊
မအေးကြည်(အေဝမ်း)]
(အပိုင်း-၃)
၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ**
"လောကဝက်ပါ"
(အပိုင်း-၈၀)
၇း၂၅ သူတို့ဘဝသူတို့ဟာသ
(ဦးဒီပါ)
၈း၀၀ MRTV-4 သတင်း
၈း၃၀ ဖက်ရှင်လမ်းညွှန်
(AVON Cosmetic)
၈း၅၅ နုယဉ်ဆန်းထွင်
သစ်သီးအလှဆင်
(သဘော်သီးဖြင့်
မီးအိမ်ပြုလုပ်ခြင်း)
၉း၂၅ Barclays Premier League
(Birmingham Vs Chelsea)
၁၁း၂၅ နုပျိုလန်းဆန်းကျန်းမာဖို့
SG Ultrasonic Bubble
Message Bath
၁၁း၅၅ Barclays Premier League
(West Ham Vs Liverpool)
၁း၅၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ**
"အရိပ်စစ်"
(အပိုင်း-၄၈)
၂း၃၅ ကလေးများအတွက်
အကောင်းဆုံး
(ရီဝေယံ၊ မင်းရာဇာ၊ အကယ်ဒမီ
ပန်းဖြူ ဖြိုးသူရကျော်)
(ဒါရိုက်တာ-မင်းစိုးသီဟ)
၂း၅၀ မြန်မာ့လက်မှု
အနုလက်ရာစုံစွာ. .
၃း၀၀ ကလေးများနဲ့ကျန်းမာရေး
(ဒေါက်တာခင်စံပယ်အေး)
၃း၀၅ World of Knowledge
(Ancient Mega Structures;
Angkor Wat)
၃း၅၀ မေတ္တာသည်သာ
တတ်စွမ်းနိုင်တာ
၄း၀၅ တိုးပွားဆောင်ရွက်နိုင်ငံ့လက်
ဖေးကူမွေးမြူတို့အတူ
(စိတ်အပန်းဖြေစရာ
အလှမွေးငါးကမ္ဘာ)
၄း၂၀ သာသနာတော်ထွန်းကား
အလှတရားဖြာဝေထားဝယ်မြေ
၄း၄၅ ဆံတော်ရှင်ကျိုက်ထီးရိုးဘုရားဖူး
ခရီးသွားမှတ်တမ်း
(အပိုင်း-၁)
၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League **ဘောလုံးပွဲစဉ်များ**

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၁၀	Arsenal - Tottenham	ESPN (Live)
၉း၂၅	Man U- Wigan	ESPN (Live)
	Birmingham -Chelsea	STAR SPORTS(Live)
၁၁း၅၅	West Ham - Liverpool	ESPN (Live)
	Westbromwich - Stoke City	STAR SPORTS(SDD)

***ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။**

✻ ကျောဖုံးမှ

ယင်းသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဧည့်သည်တော် ဆော်ဒီအာရေဗျနိုင်ငံ Kingdom Holding Company ဥက္ကဋ္ဌ His Royal Highness Prince Alwaleed Bin Talah Bin Abdulaziz Alsaud ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူထားပြီးဖြစ်သည့် H.E. Mr. Talal Mohammad Sabri Abdul Salam နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် အစိုးရအဖွဲ့ရုံး ဧည့်ခန်းမဆောင်၌ ဆက်လက်ကျင်းပသော ရခိုင်ပြည်နယ် မုန်တိုင်းဒဏ်သင့်ပြည်သူ များအတွက် အလှူငွေနှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း လူမှုရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ဆော်ဒီအာရေဗျနိုင်ငံ မင်းသား His Royal Highness Prince Alwaleed Bin Talah Bin Abdulaziz Alsaud က ရခိုင်ပြည်နယ် မုန်တိုင်း ဒဏ်သင့် ပြည်သူများအတွက် အလှူငွေများကို ပေးအပ်ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ် ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင် ဆွေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် ဆော်ဒီအာရေဗျနိုင်ငံ မင်းသား His Royal Highness Prince Alwaleed Bin Talah Bin Abdulaziz Alsaud ၏ ကြင်ရာတော်မင်းသမီး Her Highness Princess Amirah AJ Taweel က မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း လူမှုရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အလှူငွေ များကို ပေးအပ်ရာ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နီလာသော်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ် ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီလာသော်က ဆော်ဒီအာရေဗျနိုင်ငံ မင်းသား His Royal Highness Prince Alwaleed Bin Talah Bin Abdulaziz Alsaud ၏ ကြင်ရာတော် မင်းသမီး Her Highness Princess Amirah AJ Taweel အား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်

ကမ္ဘောဒီးယားနိုင်ငံမှ နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၉

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ရောက်ရှိနေသော ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးသန့်ရှင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ကမ္ဘောဒီးယားနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာရန် နိုဝင်ဘာ ၁၈ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီခွဲတွင် ခေတ္တတည်းခိုသည့် ဖနောင်ပင်ဟိုတယ်မှ ဖနောင်ပင် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မော်တော်ယာဉ်ဖြင့် ရောက်ရှိသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်အား ကမ္ဘောဒီးယားအမျိုးသမီးငယ်တစ်ဦး က ဂုဏ်ပြုပန်းကုံးပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်အား ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဝင်းရှိန်နှင့်ဇနီး၊ စစ်သံမှူး ဗိုလ်မှူးချုပ်သန်းဝင်း၊ သံရုံးနှင့် စစ်သံရုံးမိသားစုများ၊ ကမ္ဘောဒီးယားနိုင်ငံနိုင်ငံခြားရေးနှင့် အပြည်ပြည် ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Ouch Borith နှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်များသည် အထူးလေယာဉ်ဖြင့် ဖနောင်ပင်မြို့မှ ထွက်ခွာခဲ့ကြရာ နံနက်ပိုင်း တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေထံ ဆော်ဒီအာရေဗျနိုင်ငံ မင်းသား His Royal Highness Prince Alwaleed Bin Talah Bin Abdulaziz Alsaud က ရခိုင်ပြည်နယ် မုန်တိုင်းဒဏ်သင့်ပြည်သူများ အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

အထက(၂)တာမွေ(ယခင်တာမွေတန်းမြင့်) မြတ်ဆရာပူဇော်မည်

ရန်ကုန် နိုဝင်ဘာ ၁၉

(၁၈)ကြိမ်မြောက် အထက(၂) တာမွေ ကျောင်းသား၊ ကျောင်းသူ ဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၁ ရက်(ဗုဒ္ဓဟူးနေ့) (အမျိုးသားနေ့) နံနက် ၁၁ နာရီတွင် အထက (၂) တာမွေ(အုန်းတောခန်းမ)၌ ကျင်းပ မည်ဖြစ်ပါ၍ အမှုထမ်းသက်(၅)နှစ်နှင့် အထက် အသက်(၆၀)ပြည့်နှင့် အထက် ဆရာကြီး၊ ဆရာမကြီးများ တက်ရောက် အပူဇော်ခံကြပါရန်နှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။

အလှူငွေများ ထည့်လိုပါက ဦးလှသောင်းဦး ဖုန်း-၅၅၂၂၉၂၊ ဒေါ်ခင်အုန်းမြင့် ဖုန်း-၀၉-၅၁-၆၀၁၉၁၊ ဒေါ်နီနီစိုး ဖုန်း-၅၄၀၇၃၈၊ ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်စန်းမြင့် ဖုန်း-၅၄၂၃၁၇၊ ကိုသန်းနိုင်ဦး ဖုန်း-၇၃၀၄၇၄၈၂ နှင့် ဒေါ်တင်မြင့်ဝင်း ဖုန်း-၅၄၄၉၄၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မြန်မာနိုင်ငံလုံးဆိုင်ရာ ဉာဏ်ရည်မမီသူများ အားကစားပြိုင်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၉

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်တို့ ကြီးမှူးကျင်းပသည့် ၂၀၁၀ ခုနှစ် မြန်မာနိုင်ငံလုံးဆိုင်ရာ ဉာဏ်ရည်မမီသူများ အားကစားပြိုင်ပွဲ (2010 Special Olympics National Games) ကို နိုဝင်ဘာ ၁၇ ရက်မှ ၁၈ ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အသင်း၊ မန္တလေးတိုင်းဒေသကြီးအသင်း၊ ပဲခူးတိုင်းဒေသကြီးအသင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း)အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ရန်ကုန်တိုင်းဒေသကြီး မသန်စွမ်းနှင့် ဉာဏ်ရည်မမီသူများအားကစားအသင်းက တံခွန်စိုက် ဆုဖလားကြီးကို ရရှိသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အလှမွေးငါးမွေးမြူ ထုတ်လုပ်သူများအသင်း၏ ပထမအကြိမ် အလှမွေးငါးပြပွဲနှင့် ငါးအလှပြိုင်ပွဲဖွင့်

ရန်ကုန် နိုဝင်ဘာ ၁၉

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အလှမွေးငါးမွေးမြူထုတ်လုပ်သူများအသင်း၏ ပထမအကြိမ် အလှမွေးငါးပြပွဲနှင့် ငါးအလှပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကန်တော်ကြီးရှိ ငါးလုပ်ငန်းဦးစီးဌာန ရေချိုငါးဥယျာဉ်၌ ကျင်းပရာ အခမ်းအနားသို့ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေး၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် နာယက ဦးစိုးဝင်းနှင့် အလှမွေးငါးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးလိုကင်ဆိုင်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်နှင့် ဧည့်သည်တော်များသည် ကန်တော်ကြီး ရေချိုငါးဥယျာဉ်ရှိ အလှပြငါးများနှင့် အလှမွေးငါးပြပွဲ၊ ပြိုင်ပွဲဝင် အလှမွေးငါးခင်းကျင်းပြသ ယှဉ်ပြိုင်မှုများကို လှည့်လည်ကြည့်ရှုကြပြီး ရေချိုငါးဥယျာဉ်ပတ်လမ်းရှိ မြန်မာ့အလှမွေးငါး အရောင်းဆိုင်များကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ အလှမွေးငါးပြပွဲ၊ ပြိုင်ပွဲကို နိုဝင်ဘာ ၁၉ ရက်မှ ၂၁ ရက်အထိ သုံးရက်တိုင် ကျင်းပမည်ဖြစ်ပြီး မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်သည်။ ပြပွဲတွင် ပြည်တွင်း၊ ပြည်ပအလှမွေးငါးနှင့် ငါးအစာများ၊ အိမ်မွေးတိရစ္ဆာန်များနှင့် ရေထွက်ကုန်ပစ္စည်းမျိုးစုံ၊ ငါးအကြေးခွံဖြင့် ပြုလုပ်သည့် အလှကုန်ပစ္စည်းများ၊ ငါးသေတ္တာနှင့် အသားစည်သွတ်ဘူးများ ခင်းကျင်းရောင်းချလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အလှမွေးငါးမွေးမြူထုတ်လုပ်သူများ အသင်း၏ ပထမအကြိမ် အလှမွေးငါးပြပွဲနှင့် ငါးအလှပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား၌ ငါးလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေးနှင့် တာဝန်ရှိသူတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

စိန်ဂေဟာဆိုင်ခွဲများတွင် ပြုလုပ်မည့်အရောင်းပွဲ အစီအစဉ်

ရန်ကုန် နိုဝင်ဘာ ၁၉

စိန်ဂေဟာပြည်လမ်းစင်တာတွင် နိုဝင်ဘာ ၁၇ ရက်မှ ၂၁ ရက်အထိ Shoes & Handbags Fair Promotion ကို ကျင်းပလျက်ရှိရာ အမျိုးသား၊ အမျိုးသမီး များအတွက် ဖိနပ်အမျိုးမျိုး၊ အိတ်အမျိုးမျိုး၊ Running Shoes & Walking Shoes များကို ၅ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိ လျှော့ဈေးများဖြင့် ရောင်းချခြင်း၊ ဖိနပ်နှစ်ရံ ဝယ်လျှင်တစ်ရံလက်ဆောင်ပေးခြင်းတို့ဖြင့် ရောင်းချမည်ဖြစ်သည်။ ရောင်းချမည့် Brand များမှာ Michelle Shoes, Charles & Keith, Richy Fashion မှ Carlorino အိတ်၊ ဘန်ကောက်စတိုးနှင့် ရွှေမိုးညှင်းဖိနပ်ဆိုင်မှ Nizuno တံဆိပ်များဖြစ်ပြီး ၎င်းအစီအစဉ်ကို ထိုင်းနိုင်ငံမှ ထုတ်လုပ်သော Michelle အမှတ်တံဆိပ် Lady Shoes မှ အဓိက ကူညီပေးခြင်းဖြစ်သည်။

စိန်ဂေဟာလှည်းတန်းစင်တာတွင် 2nd Anniversary Sales ကို နိုဝင်ဘာ ၁၄ ရက်မှ ၃၀ ရက်အထိ ကျင်းပလျက်ရှိပြီး တန်ဖိုးငွေကျပ်သုံးသောင်းဖိုး ဝယ်ယူပါက အပူအအေးထိန်း စတီးမတ်ခွက်၊ ငွေကျပ် ခုနစ်သောင်းဖိုး ဝယ်ယူပါက Lap Top အိတ်တစ်လုံး၊ ငွေကျပ်တစ်သိန်းခွဲဖိုးဝယ်ယူပါက အပူအအေးထိန်း စတီးချိုင့်ကို လက်ဆောင်ပေးသွားမည်ဖြစ်သည်။

နှစ်နှစ်ပြည့် အရောင်းပွဲတွင် ကုမ္ပဏီများမှ လျှော့ဈေးများဖြင့် ရောင်းချပေးခြင်း၊ လက်ဆောင်ပေးခြင်း၊ Sampling ကျွေးခြင်း အစီအစဉ်များကို ပြုလုပ်ပေးမည်ဖြစ်သည်။

စိန်ဂေဟာပါရမီစင်တာ၌ တန်ဆောင်တိုင်ပွဲတော် အရောင်းပွဲအနေဖြင့် နိုဝင်ဘာ ၂၀ ရက်မှ ၃၀ ရက်အထိ အင်္ကျီ၊ ဖိနပ်၊ အိတ်များကို ၅၀ရာခိုင်နှုန်းအထိ လျှော့ဈေးနှင့် ရောင်းချပေးမည့်အပြင် ဝယ်ယူမှုတန်ဖိုး ငွေကျပ်နှစ်သောင်းဖိုးမှစ၍ ချက်ချင်းသုံးကူပွန်များဖြစ်သော တစ်ထောင်တန်၊ နှစ်ထောင်တန်၊ ငါးထောင်တန် ကူပွန်များကို ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ဆရာဝန်အသင်း သက်ကြီးပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၉

မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်)အမျိုးသမီးဆရာဝန်များအဖွဲ့က ကြီးမှူး၍ မြန်မာနိုင်ငံဆရာဝန်အသင်း၏ (၂၈) ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၈ ရက်တွင် အမှတ်(၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင် (အေ)၌ကျင်းပမည်ဖြစ်ရာ ရန်ကုန်မြို့တွင် လက်ရှိနေထိုင်လျက်ရှိပြီး ၁၉၃၇ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် မတိုင်မီ မွေးဖွားခဲ့ကြသော သက်ကြီး ဆရာဝန်ကြီး၊ ဆရာဝန်မကြီးများသည် ဒေါက်တာခင်မာအေး ဖုန်း-၅၃၆၆၂၀၊ ၀၉-၅၁၃၇၈၃၂၊ ဒေါက်တာယုယုလွင် ဖုန်း-၅၆၅၇၉၆၊ ၀၉-၅၁၃၇၅၇၀နှင့် မြန်မာနိုင်ငံဆရာဝန်အသင်း ဖုန်း-၃၇၈၈၆၃၊ ၃၉၄၁၄၁၊၃၈၀၈၉၉နှင့် ၃၈၈၀၉၇တို့ထံ နိုဝင်ဘာ ၃၀ ရက် နောက်ဆုံးထား၍ ဆက်သွယ်အကြောင်းကြားရန်နှင့် ယခင်နှစ်များတွင်ပါဝင်သည့် ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများ ထပ်မံဆက်သွယ်ရန်မလိုကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော်မြန်မာ့အသံရေဒီယိုအစီအစဉ်

(စနေနေ့-နံနက်-နေ့လယ်-ည)

၂၀-၁၁-၂၀၁၀

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက်
၇း၀၅ နိုင်ငံတော်သီချင်း+ကြေညာချက် တရားတော် (ရတနသုတ်)
၇း၃၀ ဓမ္မပူဇာတေးပဒေသာ
၇း၃၅ (၃၈)ဖြာမင်္ဂလာ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန်+သတင်း နံနက်ခင်းတေးပဒေသာ
၈း၃၀ လောကနီတိအသိရှိစေဖို့ (ရတနာမြတ်သုံးပါး) တေးပဒေသာ
၈း၄၀ ဘ၀အသွင်ကဗျာ့အမြင် (အဖိုးတန်ဆုံးအရင်းအနှီး)
၈း၅၀ တေးပဒေသာ
၁၀း၀၀ မွေးနေ့လက်ဆောင်
၁၀း၃၀ သတင်းစာအာဘော်
၁၀း၃၅ ရင်ခုန်စီးဆင်း အနုပညာသတင်း(၁၇)
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ ကလေးအစီအစဉ် (ကလေးများအတွက်ပုံပြင်- သူတော်ကောင်းနတ်ကောင်းမ)
၁၁း၂၀ အာဆီယံအစီအစဉ် နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၅ ဇာတ်လမ်းပမာနားဆင်စရာ (တန်ဆောင်တိုင်ရဲ့ချစ်ပုံပြင်) တေးပဒေသာ
၁၂း၀၀ စံတော်ချိန် ချစ်ခြင်းဖြေသိမ့်တေးသံငြိမ့်
၁၂း၂၀ ယဉ်ကျေးမှုအနုပညာ (တန်ဆောင်တိုင်ပွဲတော်)
၁၂း၃၀ ဟန်မျိုးစုံညီတေးကိုသီ
၁း၀၀ မွန်းလွဲပိုင်းသတင်း
၁း၁၀ ပညာရေးအစီအစဉ် (ဒသမတန်း-စာရိတ္တနှင့် ပြည်သူ့နီတိ) တေးပဒေသာ
၁း၃၀ အစီအစဉ်ပြီး၏။
၄း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၄း၃၀ သောတရှင်လိုရာတေး
၅း၀၀ လေလှိုင်းကြားကပွဲတင်သံ
၅း၁၅ တေးပဒေသာ
၅း၂၅ သတင်းစာဆောင်းပါး
၅း၃၀ ခေတ်မရွေးသောတေးများ
၆း၀၀ ညနေခင်းသတင်း
၆း၁၀ တေးချစ်သူရွေးသီတေးပန်းချီ
၆း၄၅ ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၇း၀၀ နိုင်ငံတကာသတင်း နိုင်ငံရေးဦးတည်ချက်
၇း၁၀ တေးပဒေသာ
၇း၁၅ ရေဒီယိုအတိတ်တေးအရိပ်
၇း၃၀ ကျန်းမာရေးရာသိကောင်းစရာ (နှာရည်ဘာကြောင့်ယိုတာလဲ) တေးပဒေသာ
၈း၀၀ ပြည်တွင်းသတင်း
၈း၁၅ သံစဉ်တေးသွားမေတ္တာစကား
၈း၂၀ စီးပွားရေးဦးတည်ချက်
၈း၃၀ သိမှတ်ဖွယ်ရာနိုင်ငံရေးရာ
၈း၄၅ ညချမ်းချိန်ခါတေးပဒေသာ
၉း၀၀ Radio Internet
၉း၁၀ ခံစားနားဆင်မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက်
၉း၅၀ ညချမ်းချိန်ခါတေးပဒေသာ
၁၀း၀၀ အစီအစဉ်ပြီး၏။

ACMECS BUSINESS FORUM သို့ မြန်မာစီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၁၉

နိုင်ငံတော်ဝန်ကြီးချုပ်၏ (၅)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးနှင့် (၄)ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေးခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါခဲ့သော မြန်မာစီးပွားရေးလုပ်ငန်းရှင်များအဖွဲ့သည် နိုဝင်ဘာ ၁၆ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ Cambodiana Hotel ၌ ကျင်းပသည့် ACMECS BUSINESS FORUM သို့ တက်ရောက်ခဲ့ကြသည်။

တက်ရောက်

ဆွေးနွေးပွဲသို့ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ၊ ACMECS BUSINESS COUNCIL (Myanmar) ဥက္ကဋ္ဌ ဦးဝင်းအောင် ခေါင်းဆောင်သော မြန်မာနိုင်ငံမှ စီးပွားရေး လုပ်ငန်းရှင် ကိုယ်စားလှယ် ၄၂ ဦး တက်ရောက်ကြပြီး အခြားအက်မက်စ် အဖွဲ့ဝင် နိုင်ငံများဖြစ်သော ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ စီးပွားရေးလုပ်ငန်းရှင်များအပါအဝင် စီးပွားရေးလုပ်ငန်းရှင် ၃၅၀ ခန့် တက်ရောက်ခဲ့ကြသည်။

တင်ပြဆွေးနွေး

ဆွေးနွေးပွဲတွင် ACMECS BUSINESS ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များက ACMECS နိုင်ငံခေါင်းဆောင်များသို့ ပုဂ္ဂလိကကဏ္ဍမှ အကြံပြုဆွေးနွေး တင်ပြမည့် အက်မက်စ်စီးပွားရေးကောင်စီ ဖွဲ့စည်းသွားမည့်ကိစ္စ (ACMECS BUSINESS COUNCIL)၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ချောမွေ့စေရေးကိစ္စ (TRADE AND INVESTMENT FACILITATION)၊ စိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်ရေးကိစ္စ (AGRICULTURE COOPERATION)၊ အက်မက်စ်နိုင်ငံများ ဆန်စပါးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စ (ACMECS RICE COOPERATION)၊ ခရီးသွားမြှင့်တင်ရေးကိစ္စ(TOURISM PROMOTION)၊ ပို့ဆောင်ရေး လျင်မြန်ချောမွေ့စေရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စ (TRANSPORTATION FACILITATION AND COOPERATION)၊ စက်မှုလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးကိစ္စ (INDUSTRY AND INVESTMENT PROMOTION) နှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စ (HUMAN RESOURCE COOPERATION) များကို ညှိနှိုင်းဆွေးနွေးကြပြီးနောက် အဖွဲ့ဝင်နိုင်ငံအသီးသီး၏ စီးပွားရေးဆိုင်ရာ အခြေခံကောင်းများနှင့် အခွင့်အလမ်းကောင်းများ (BUSINESS ENVIROMENT AND OPPORTUNITIES) ကို တင်ပြဆွေးနွေးခဲ့ကြကာ UMFCCI မှ အလုပ်အမှုဆောင် ဦးမိုးကျော်က မြန်မာနိုင်ငံ၏ စီးပွားရေးဆိုင်ရာ အခြေခံကောင်းများနှင့် အခွင့်အလမ်းကောင်းများကို တင်ပြဆွေးနွေးခဲ့သည်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ်(စီအယ်လ်အမ်ဗွီ) နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

(၅)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးနှင့် (၄)ကြိမ်မြောက် အက်မက်စ် ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန် အဖွဲ့ဝင်အဖြစ်လိုက်ပါခဲ့သော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းနှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ သက်ဆိုင်ရာအစည်းအဝေးနှင့် တွေ့ဆုံပွဲများသို့ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၁၉

(၅)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးနှင့် (၄)ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့သော နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါခဲ့ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းနှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာတို့သည် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ Peace Palace ၌ ကျင်းပသော သက်ဆိုင်ရာ အစည်းအဝေးနှင့် တွေ့ဆုံပွဲများသို့ တက်ရောက်ခဲ့ကြသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းသည် နိုဝင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင် ဖနောင်ပင်မြို့ Peace Palace ၌ ကျင်းပသော ကမ္ဘောဒီးယား-လာအို - မြန်မာ - ဗီယက်နမ် (စီအယ်လ်အမ်ဗွီ) နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စတာ ဟော်နမ်ဟောင်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး ဝန်ကြီး ဦးညဏ်ဝင်းနှင့်အတူ လာအိုနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ ထောင်လွန်းဆီဆိုလစ်၊ ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီး မစ္စတာဖန်ဇာခိရမ်နှင့် အာဆီယံ အတွင်းရေးမှူးချုပ် ဒေါက်တာ ဆူရင်ပစ်ဆူဝမ်တို့ တက်ရောက်ကြသည်။

ယင်းအစည်းအဝေးတွင် ဝန်ကြီးများသည် စီအယ်လ်အမ်ဗွီ ပူးပေါင်းဆောင်ရွက်မှု တိုးတက်မှုအခြေအနေနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြပြီး စီအယ်လ်အမ်ဗွီ ပူးပေါင်းဆောင်ရွက်ရေး ဦးစားပေးစီမံကိန်းများစာရင်းနှင့် (၅)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးသို့ တင်ပြမည့် ထုတ်ပြန်မည့် ပူးတွဲကြေညာချက်မူကြမ်းတို့ကို အပြီးသတ်ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ဝန်ကြီး ဦးညဏ်ဝင်းသည် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(အက်မက်စ်) နိုင်ငံခြားရေး ဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ အစည်းအဝေးတွင် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီး မစ္စတာ ဟော်နမ်ဟောင်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး ဝန်ကြီး ဦးညဏ်ဝင်းနှင့်အတူ လာအိုနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ ထောင်လွန်းဆီဆိုလစ်၊ ထိုင်းနိုင်ငံခြားရေး ဝန်ကြီး မစ္စတာ ကာဆစ် ပီရိုမြ၊ ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဖန်ဇာခိရမ်နှင့် အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာ ဆူရင်ပစ်ဆူဝမ်တို့ တက်ရောက်ကြသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းနှင့် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(အက်မက်စ်) နိုင်ငံခြားရေး ဝန်ကြီးများအစည်းအဝေး၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

ယင်းအစည်းအဝေးတွင် ဝန်ကြီးများသည် အက်မက်စ် အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြပြီး အက်မက်စ် ထိပ်သီးအစည်းအဝေးသို့ တင်ပြမည့် ဖနောင်ပင်ကြေညာချက် မူကြမ်းနှင့် ၂၀၁၀-၂၀၁၂ ကာလအတွက် အက်မက်စ် လုပ်ငန်းအစီအစဉ်တို့ကို အပြီးသတ်ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အလားတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာသည် နိုဝင်ဘာ ၁၇ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် ဖနောင်ပင်မြို့ရှိ Peace Palace ၌ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဝန်ကြီးများကောင်စီရုံး ဝန်ကြီး H.E. Mr. Sok An နှင့် တွေ့ဆုံ၍ ဆီရမ်ယိပ-ပုဂံ-မန္တလေး လေကြောင်းပြေးဆွဲရေးနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ ဝန်ကြီး ဦးစိုးသာနှင့်အတူ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးသန့်ရှင်း၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မြတ်မြတ်စိုး၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း၊ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းနှင့် ခရီးသွားလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဝန်ကြီးများကောင်စီရုံး ဝန်ကြီး H.E. Mr. Sok An နှင့်အတူ ကမ္ဘောဒီးယား စီးပွားရေး လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဝန်ကြီးများကောင်စီရုံး ဝန်ကြီး H.E. Mr. Sok An တို့ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

နိုင်ငံတကာသတင်းများ

နမီးဘီးယားလေဆိပ် ဗုံးလန့်မှု လုံခြုံရေးစမ်းသပ်မှုတစ်ရပ်သာဖြစ်

ဘာလင် နိုဝင်ဘာ ၁၉

နမီးဘီးယားနိုင်ငံ ဝင်းဟုတ်လေဆိပ်၌ ရှာဖွေတွေ့ရှိခဲ့သော ဗုံးပါဝင်ဖွယ်ရှိသည့် ခရီးဆောင်သေတ္တာဖြစ်စဉ်သည် လုံခြုံရေးဆိုင်ရာ စမ်းသပ်ချက်တစ်ရပ်ဖြစ်ပြီး ယင်းသေတ္တာထဲတွင် မည်သည့်ဖောက်ခွဲရေးပစ္စည်းမျှ ထည့်သွင်းထားခြင်းမရှိကြောင်း ဂျာမန်ပြည်ထဲရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

အဲဘာလင်လေကြောင်းလိုင်းမှ ခရီးသည်တင် လေယာဉ်တစ်စင်း ဂျာမနီနိုင်ငံ မြူးနစ်မြို့သို့ မပျံသန်းမီ နမီးဘီးယား ရဲတပ်ဖွဲ့ဝင်များက ဗုံးပါဝင်ဖွယ်ရှိသည့် အဆိုပါ ခရီးဆောင်သေတ္တာကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း နိုဝင်ဘာ ၁၈ ရက် သတင်းများတွင် ဖော်ပြထားသည်။

ယင်းခရီးဆောင်သေတ္တာထဲတွင် ဓာတ်ခဲများနှင့်အတူ စနက်တံနှင့် နာရီတစ်လုံးတို့ပါဝင်သည်။ အဆိုပါ သေတ္တာကို ရှာဖွေတွေ့ရှိခဲ့ခြင်းကြောင့် နိုဝင်ဘာ ၁၇ ရက်က ဂျာမနီလေဆိပ်များတွင် လုံခြုံရေးအရ အသင့်ပြင်ဆင်ထားခဲ့ရသည်။

ထိုကဲ့သို့ ဗုံးပါသယောင် ဖန်တီးထားသော ခရီးဆောင်သေတ္တာဖြင့် လုံခြုံရေးဆိုင်ရာ စမ်းသပ်ချက်ကို အမေရိကန်ပြည်ထောင်စုမှ ကုမ္ပဏီတစ်ခုက လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ဂျာမနီပြည်ထဲရေးဝန်ကြီးဌာန၏ ကြေညာချက် တွင်ဖော်ပြသည်။

ဂျာမနီပြည်ထဲရေးဝန်ကြီးဌာန၏ ကြေညာချက်၌ လုံခြုံရေးဆိုင်ရာ စမ်းသပ်မှုကို လုပ်ဆောင်ခဲ့သည့် ကုမ္ပဏီကို အမည်ဖော်ပြခြင်းမရှိသော်လည်း ယင်းကုမ္ပဏီသည် အရေးပေါ်အချက်ပေးစနစ်နှင့် ထောက်လှမ်းရေးစနစ်များကို ထုတ်လုပ်သော ကုမ္ပဏီဖြစ်ပြီး လုံခြုံရေးစည်းမျဉ်း စည်းကမ်းများကို စမ်းသပ်ရန် လုံခြုံရေးစမ်းသပ်မှုခရီးဆောင်သေတ္တာများကို ဖန်တီးခဲ့ကြောင်း ဖော်ပြထားသည်။

အေအက်ဖ်ပီ။

နယူးဇီလန် ကျောက်မီးသွေးတွင်း ပေါက်ကွဲ၍ တွင်းလုပ်သား ၃၃ ဦး ပိတ်မိနေ

ဝဲလ်လင်တန် (နယူးဇီလန်) နိုဝင်ဘာ ၁၉

နယူးဇီလန်နိုင်ငံတွင် သောကြာနေ့ညနေပိုင်း၌ ကျောက်မီးသွေးတွင်းတစ်တွင်း ပေါက်ကွဲရာ တွင်းလုပ်သား ၃၃ ဦး မြေအောက်တွင် ပိတ်မိနေကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

တွင်းပိုင်ရှင်ပိုက်ရေးဗားကိုး လီမိတက်၏ အကြောင်းကြားချက်အရ အခင်းဖြစ်ရာသို့ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူနာတင်ယာဉ်များ ရောက်ရှိလာခဲ့သည်။

သောကြာနေ့ ညနေ ၄နာရီ ၃၀ မိနစ်ခန့်တွင် ကျောက်မီးသွေးတွင်းပေါက်ကွဲသည့် သတင်းရရှိခဲ့ကြောင်း တွင်းထဲ၌ လူတွေရှိနေသည်ဟု သိရကြောင်း ရဲတပ်ဖွဲ့က ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ကျောက်မီးသွေးတွင်း ပေါက်ကွဲမှုနှင့် ပတ်သက်၍ ပိုက်ရေးဗားကိုး လီမိတက်က မည်သည့်မှတ်ချက်ကိုမျှ မချနိုင်သေးဟု ဆိုသည်။

ကျောက်မီးသွေးတွင်း လုပ်သား ၂၅ ဦးမှ ၃၀ အထိ စာရင်းပျောက်နေကြောင်း ဂရေးခရိုင် မြို့တော်ဝန်၏ ပြောကြားချက်ကို ကိုးကား၍ နိုင်ငံပိုင်ရေဒီယိုအင်ဇက်က ကြေညာသည်။ အနည်းဆုံးတွင်းလုပ်သားတစ်ဦးနှင့် အဆက်အသွယ်ရရှိကြောင်း၊ အားလုံးထိခိုက်ဒဏ်ရာ မရရှိကြကြောင်း နိုင်ငံပိုင်ရုပ်သံလိုင်း တီဗွီအင်ဇက်ကလည်း ကြေညာသည်။

ပိုက်ရေးဗားကျောက်မီးသွေးတွင်းသည် နယူးဇီလန်နိုင်ငံဆော့အိုင်းလန်း၏ အနောက်ဘက် ကမ်းခြေ၌ တည်ရှိသည်။ ၎င်းသည် ၂၀၀၈ ခုနှစ် အောက်တိုဘာလမှစ၍ လုပ်ငန်း အပြည့်အဝလည်ပတ်နိုင်ရန် နှောင့်နှေးကြန့်ကြာလျက်ရှိသည်။ အဓိက အခက်အခဲများအနက်တစ်ခုမှာ မိုင်းတွင်း၏ လေဝင်လေထွက် လိုဏ်ခေါင်းမှ ကျောက်တုံး တစ်တုံး ပြိုကျခဲ့ခြင်း ဖြစ်သည်ဟု ဆိုသည်။ **အေပီ။**

ပေါက်ကွဲမှုဖြစ်ပွားခဲ့သော ပိုက်ရေးဗားကျောက်မီးသွေးတွင်း။ (ဓာတ်ပုံ-အင်တာနက်)

ကိုးနှစ်ကြာ အာဖဂန်စစ်ပွဲကာလအတွင်း တိုက်ပွဲဝင် တင့်ကားများ အမေရိကန်ပထမဆုံး ဖြန့်ကြက်

ဝါရှင်တန် နိုဝင်ဘာ ၁၉

အမေရိကန် ပြည်ထောင်စုသည် အာဖဂန်နစ္စတန်နိုင်ငံ၌ ၎င်းတို့ ဆင်နွှဲနေသော ကိုးနှစ်ကြာ စစ်ပွဲကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် လက်နက်အပြည့်အစုံတပ်ဆင်ထားသော တိုက်ပွဲဝင် တင့်ကားများကို ဖြန့်ကြက်နေကြောင်း ဝါရှင်တန်ပို့စ် သတင်းစာက သောကြာနေ့တွင်ဖော်ပြသည်။

တိုက်ပွဲဝင် အမ်-၁ အေဘရမ် တင့်ကားများသည် ဟဲလ်မန့်ပြည်နယ်၌ စတင်တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြထားသည်။

ဟဲလ်မန့်ပြည်နယ်သည် အမေရိကန် မရိန်းတပ်ဖွဲ့များနှင့် တာလီဘန်တိုက်ခိုက်ရေးသမားများအကြား တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားလျက်ရှိသည့် ဒေသဖြစ်ကြောင်း ကာကွယ်ရေးဆိုင်ရာ တာဝန်ရှိသူများ၏ အဆိုကို ကိုးကား၍ ဝါရှင်တန်ပို့စ် သတင်းစာက ရေးသားသည်။

အာဖဂန်စစ်မြေပြင်၌ အချိန်နှောင်းမှ တိုက်ခိုက်ရေး တင့်ကားများကို ဖြန့်ကြက်လာရခြင်းသည် အမေရိကန်နှင့် အာဖဂန်အတော်များများအနေဖြင့် မျှော်လင့်ချက်ပျက်ပြားနေသည့် လက္ခဏာဖြစ်ကြောင်း အချို့က သုံးသပ်သည်။

၁၂၀ မမ အမြောက်တပ်ဆင်ထားသော တိုက်ပွဲဝင် အမ်-၁ တင့်ကားများသည် အဝေးမှသောင်းကျန်းသူများကို ချေမှုန်းနိုင်ရေးအတွက် မြေပြင်တပ်ဖွဲ့များကို အထောက်အကူ ပြုမည်ဖြစ်သည်။ **အေအက်ဖ်ပီ။**

လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်သစ် အီရန်အောင်မြင်စွာစမ်းသပ်

တီဟီရန် နိုဝင်ဘာ ၁၉

အီရန်နိုင်ငံကရင်း၏အကြီးမားဆုံးသော လေကြောင်းရန်ကာကွယ်ရေး လေ့ကျင့်မှုတွင် အသစ်မွမ်းမံထားသည့် လေကြောင်းကာကွယ်ရေးဒုံးကျည်စနစ်တစ်ရပ်ကို အောင်မြင်စွာစမ်းသပ်ပစ်လွှတ်နိုင်ခဲ့ကြောင်း စစ်ဘက်ကကြာသပတေးနေ့ တွင် ကြေညာခဲ့သည်။

အီရန်စစ်ဘက်က ထုတ်ပြန်ခဲ့သော ရှာဟင်း (သိမ်းငှက်) လေကြောင်းရန် ကာကွယ်ရေးစနစ် စမ်းသပ်နေပုံ။ (ဓာတ်ပုံ-အင်တာနက်)

ကုလသမဂ္ဂနှင့် နိုင်ငံတကာမှအရေးယူမှုကြောင့် ခေတ်မီ အက်စ်-၃၀၀ လေကြောင်းရန်ကာကွယ်ရေးစနစ်ကို မော်စကိုက ပေးအပ်ရန်ငြင်းဆိုခြင်းအား တုံ့ပြန်သည့်အနေဖြင့် ဒုံးကျည်စနစ်သစ်ကို စမ်းသပ်ပြခဲ့ခြင်းဖြစ်ကြောင်း အီရန်နိုင်ငံပိုင် ရုပ်သံက ကြေညာခဲ့သည်။

အဆင့်မြှင့်တည်ဆောက်

မားဆတ်နှင့်ရှာဟင်းဒုံးကျည်စနစ်များကို အီရန်သိပ္ပံပညာရှင်များက အဆင့်မြှင့်တင်တည်ဆောက်ခဲ့ကြကြောင်း၊ ယင်းဒုံးကျည်စနစ်သည် ရေမျက်နှာ ပြင်အထက် အမြင့်ပေ အနိမ့်နှင့် အလတ်ပိုင်းရှိ ပစ်မှတ်ကိုခွဲခြား ရှာဖွေနိုင်စွမ်းရှိပြီး တိကျစွာတိုက်ခိုက်နိုင်ကြောင်း ငါးရက်ကြာ စစ်ရေးလေ့ကျင့်မှု၏ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ်ကြီးဟာမစ် အာဂျန်ဂျီက ပြောကြားသည်။

အဆိုပါ ဒုံးကျည်များသည် ရုရှားအက်စ်-၂၀၀လေကြောင်းရန် ကာကွယ်ရေးစနစ်ကို အဆင့်မြှင့်တင်ထုတ်လုပ်ထားခြင်းဖြစ်ပြီး ရုရှားနိုင်ငံက အီရန်နိုင်ငံကို ပေးအပ်ရန်ငြင်းဆိုသည့် အက်စ်-၃၀၀လေကြောင်းရန်ကာကွယ်ရေး ဒုံးကျည်များနှင့် အလားတူ စွမ်းရည်ရှိကြောင်း နိုင်ငံပိုင်ရုပ်သံကထုတ်ဖော်ပြောကြားသည်။

ပစ်ချနိုင်စွမ်းရှိ

ရုရှားနိုင်ငံ၏ အက်စ်-၃၀၀ လေကြောင်းရန်ကာကွယ်ရေး ဒုံးကျည်စနစ်သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၉၀၀၀၀မှ ပျံသန်းလာသည့် လေယာဉ်နှင့်ဒုံးကျည်များကို မိုင် ၉၀ကျော်အကွာအဝေး၌မှာပင် ပစ်ချနိုင်စွမ်းရှိသည်။

နိုဝင်ဘာ ၁၆ရက်မှစတင်ခဲ့သော အဆိုပါ စစ်ရေးလေ့ကျင့်မှုသည် ၎င်းတို့၏ နျူကလီးယားအဆောက်အအုံများကို တိုက်ခိုက်လာဖွယ်ရာရှိသဖြင့် အီရန်ကရင်း၏ ကာကွယ်ရေးစွမ်းရည်ကို ထုတ်ဖော်ပြသခြင်းဖြစ်သည်ဟု ဆိုသည်။ **အေပီ။**

တားစာခံများအရေး ဘင်လာဒင်နှင့် စေ့စပ်ဆွေးနွေးရန် အယ်လ်ခိုင်ဒါ တောင်းဆိုမှု ပြင်သစ်ပယ်ချ

ပါရီ နိုဝင်ဘာ ၁၉ - နိုင်ဂျာနိုင်ငံ၌ စက်တင်ဘာ ၁၆ ရက်က ပြန်ပေးဆွဲခံခဲ့ရသည့် ပြင်သစ်နိုင်ငံသားငါးဦးနှင့်ပတ်သက်၍ အယ်လ်ခိုင်ဒါခေါင်းဆောင် အိုစမာဘင်လာဒင်နှင့် စေ့စပ်ဆွေးနွေးမှုများ ပြုလုပ်ရန် မြောက်အာဖရိက အယ်လ်ခိုင်ဒါဂိုဏ်းခွဲ၏ တောင်းဆိုတိုက်တွန်းမှုများကို ပြင်သစ်နိုင်ငံခြားရေး ဝန်ကြီး မစ်ချဲလ်အဲလိယော့မာရီက သောကြာနေ့တွင် ငြင်းပယ်လိုက်သည်။

ပြင်သစ်နိုင်ငံ၏ မူဝါဒရေးရာကို ပြည်ပရှိ မည်သူကမျှ ထိန်းကျောင်းညွှန်ကြားပေးရန်မလိုကြောင်း၊ ဓားစာခံများမည်သည့်နေရာတွင်ရှိစေ ၎င်းတို့ လွတ်မြောက်ဘေးကင်းရေးအတွက် ပြင်သစ်နိုင်ငံက နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်နေကြောင်း အဲလိယော့မာရီက ပြောကြားသည်။

အယ်လ်ဂျာဇီးယားရုပ်သံဌာနက နိုဝင်ဘာ ၁၈ ရက်တွင် ထုတ်လွှင့်ခဲ့သော မြောက်အာဖရိက အယ်လ်ခိုင်ဒါအဖွဲ့ (အေကျူအိုင်အမ်) ခေါင်းဆောင်ဆိုသူ၏ အသံလွှင့်ချက်ကို ပြင်သစ်နိုင်ငံက လေ့လာစစ်ဆေးလျက်ရှိသည်။

လက်ရှိအခြေအနေအရ အယ်လ်ခိုင်ဒါခေါင်းဆောင် အိုစမာဘင်လာဒင်နှင့် မည်သည့်ဆွေးနွေးမှုမျိုးကိုမဆို လုပ်ဆောင်ရ မည်ဖြစ်ကြောင်း အသံထုတ်လွှင့်ချက်တွင် ဖော်ပြထားသည်။ ယင်းအပြင် ဓားစာခံများ၏ လုံခြုံရေးစိတ်ချရစေရန် အာဖဂန်စစ်မြေပြင်မှ ပြင်သစ်တပ်ဖွဲ့များကို ရုပ်သိမ်းပေးရန်လည်း တိုက်တွန်းထားသည်။ **အေပီ။**

အယ်လ်ခိုင်ဒါမဟာမိတ်အဖွဲ့ အစ္စရေးကို ဟီဘရူးဘာသာစကားအသုံးပြု ခြိမ်းခြောက်

ဂျေရုဆလင် နိုဝင်ဘာ ၁၉

အစ္စရေးနိုင်ငံ၏ လေကြောင်းတိုက်ခိုက်မှုတစ်ရပ်ကြောင့် သေဆုံးခဲ့ရသည့် ဂါဇာဒေသသား နှစ်ဦးအတွက် ပြန်လည်လက်စားချေရန် ဂါဇာကမ်းမြောင်ဒေသရှိ အယ်လ်ခိုင်ဒါအကြမ်းဖက်ကွန်ရက်နှင့် ဆက်နွှယ်သော အုပ်စုတစ်ခုက ဟီဘရူးဘာသာစကားကို အသုံးပြု၍ ခြိမ်းခြောက်ခဲ့ကြောင်း နိုဝင်ဘာ ၁၉ ရက် သတင်းတွင် ဖော်ပြသည်။

အယ်လ်ခိုင်ဒါနှင့် ဆက်နွှယ်သော စစ်သွေးကြွအုပ်စုတစ်ခုက ယခုကဲ့သို့ ဟီဘရူးဘာသာကို သုံးစွဲ၍ ခြိမ်းခြောက်ပြောဆိုခြင်းသည် ပထမဆုံးအကြိမ်ဖြစ်ကြောင်း ကျွမ်းကျင်သူတို့က သုံးသပ်သည်။

အဆိုပါ စစ်သွေးကြွအုပ်စုသည် ဂါဇာကမ်းမြောင်ဒေသမှ ဂျီမားအန်ဆာအယ်လ်-ဆွန်နာဟူသောအဖွဲ့ဖြစ်ပြီး ယင်းအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူက ပါလက်စတိုင်းမြေပေါ်မှ အစ္စရေးတို့ မထွက်ခွာသရွေ့ တိုက်ခိုက်မှုများကို ရင်ဆိုင်ရမည်ဖြစ်ကြောင်း ခြိမ်းခြောက်ပြောကြားခဲ့သည်။

ယင်းကဲ့သို့ ခြိမ်းခြောက်ပြောကြားမှုကို အသံသွင်းထားသည့် တိပ်ခွေအား အစ္စရေးစစ်ဘက်အသံလွှင့်ဌာနက ပထမဆုံးထုတ်လွှင့်ခဲ့သည်။

ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးတို့ ပစ်ခတ်သော ဒုံးကျည်ထိမှန်မှုကြောင့် မော်တော်ယာဉ်တစ်စီးပေါ်တွင်လိုက်ပါလာသူ စစ်သွေးကြွအဖွဲ့ဝင်နှစ်ဦးသေဆုံးပြီး တစ်ရက်မျှအကြာတွင် အဆိုပါ တိပ်ခွေပေါ်ထွက် လာခြင်းဖြစ်သည်။ **ယူပီအိုင်။**

မြန်မာအသင်း ဂိုးပြတ်အနိုင်ရ

ရန်ကုန် နိုဝင်ဘာ ၁၉

အာဆီယံ ဆူဇူကီးဖလား ဘောလုံးပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင်အသင်းနှင့် တရုတ်စူပါလိဂ်ကလပ် ဒါလီယံရှီဒီအသင်းတို့၏ ခြေစမ်းပွဲ ဒုတိယပွဲကို ယနေ့ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ ကျင်းပရာ မြန်မာအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

မြန်မာ့လက်ရွေးစင် - သုံးဂိုး
(သိန်းသန်းဝင်း၊ ထွန်းထွန်းဝင်းနှင့် မိုင်းအိုက်နိုင်)

ဒါလီယံရှီဒီ - တစ်ဂိုး
(Yan Feng - ပယ်နယ်တီ)

လူငယ်ကစားသမား

ပထမပွဲစဉ် ပွဲထွက်လူစာရင်းမှ ခင်မောင်လွင် တစ်ဦးတည်းသာ ပြန်ပါလာပြီး လူငယ်ကစားသမား အများစုဖြင့် ပွဲထွက်လာသည့် မြန်မာအသင်းမှာ ဒါလီယံရှီဒီအသင်းကို ပြန်လည်အနိုင်ယူနိုင်ခဲ့သည်။ မြန်မာအသင်းမှာ မိနစ် ၆၀ ကျော်အထိ ဒါလီယံရှီဒီအသင်းကို သရေကစားနိုင်ခဲ့ပြီ ရန်ပိုင်၊ ဇော်လင်းထွန်း -၂ တို့ ဝင်လာပြီးနောက်ပိုင်းတွင် ကစားပုံ ပိုကောင်းလာကာ ဂိုးပြတ်အနိုင်ရခဲ့ခြင်း ဖြစ်သည်။ တရုတ်ကလပ် ဒါလီယံရှီဒီအသင်း လူအပြောင်းအလဲအချို့ ပြုလုပ်ခဲ့သလို အသင်းလိုက်ကစားပုံမှာလည်း ပထမပွဲကို မမီခဲ့ပေ။

အကောင်းဆုံးပုံစံ

မြန်မာအသင်းမှာ ပထမနေ့ပွဲက ပွဲပြီးခါနီးတွင် လူငယ်ကစားသမားများဖြင့် အကောင်းဆုံးပုံစံ ရခဲ့သောကြောင့် ယခုပွဲကိုလည်း လူငယ်များဖြင့်သာ ပွဲထွက်ခဲ့သည်။ ဒါလီယံရှီဒီအသင်းမှာ ကစားကွက်မမိ ဖြစ်နေသောကြောင့် မြန်မာအသင်း ပိုဖိကစားနိုင်ခဲ့ပြီး ၁၇ မိနစ်တွင် သိန်းသန်းဝင်းက အဖွင့်ဂိုးစတင်သွင်းယူခဲ့သည်။ ဒါလီယံရှီဒီအသင်းမှာ ချေပဂိုးရရှိရန် ကြိုးစားသော်လည်း ပထမပွဲလို တိုက်စစ်ကစားပုံမကောင်း၍ မြန်မာအသင်းခံစစ်ကို အခက်တွေ့အောင် မလုပ်နိုင်ခဲ့ပေ။ ၄၉ မိနစ်မှ ချေပဂိုး ပြန်ရခဲ့ပြီး ပယ်နယ်တီမှတစ်ဆင့် အသင်းခေါင်းဆောင် Yan Feng က သွင်းယူခဲ့ခြင်းဖြစ်သည်။

သတင်းမှတ်စုနှင့်ဓာတ်ပုံ ရှိုင်းထက်ဇော်

ယင်းနောက်ပိုင်းတွင် မြန်မာအသင်း ပွဲကို စိုးမိုးနိုင်ခဲ့ပြီး ၆၈ မိနစ်တွင် ရန်ပိုင်၏ ဖန်တီးပေးမှုမှတစ်ဆင့် ထွန်းထွန်းဝင်းက ဒုတိယဂိုး၊ ၇၂ မိနစ်တွင် မိုင်းအိုက်နိုင်က ဂိုးသမားကိုကျော်ပြီး တတိယဂိုးတို့ကို သွင်းယူခဲ့သည်။

ပါဝင်ကစား

မြန်မာအသင်းတွင် ဂိုး-သီဟစည်သူ၊ နောက်တန်း-ဟန်ဝင်းအောင် (ရန်အောင်ဝင်း)၊ အေးဆန်း၊ ဝင်းမင်းထွဋ်၊ ခင်မောင်လွင်၊ အလယ်တန်း- ထွန်းထွန်းဝင်း၊ ပိုင်စိုး (ဉာဏလွင်)၊ လှအေးထွေး (ကျော်ဇေယျာဝင်း)- (ဇော်လင်းထွန်း)၊ အောင်မျိုးသန့် (ရန်အောင်ကျော်)၊ သိန်းသန်းဝင်း(ရန်ပိုင်)၊ ရှေ့တန်း- မိုင်းအိုက်နိုင်တို့ ပါဝင်ကစားခဲ့ကြသည်။

မြန်မာကစားသမားများ ကြားမှ ဒါလီယံရှီဒီ တိုက်စစ်မှူး Zhu Ting ထိုးဖောက်ခဲ့သော်လည်း. .။

အောက်ပိုင်းဒေသများ ညအပူချိန် အနည်းငယ်တိုးလာနိုင်

နေပြည်တော် နိုဝင်ဘာ ၁၉

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ **ညအပူချိန်များမှာ** ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ မွန်ပြည်နယ်တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ် ပိုခဲ့ပြီး ချင်းပြည်နယ်တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၄ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၆ ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ဟားခါးမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်၊ မင်းတပ်မြို့တွင် ၈ ဒီဂရီစင်တီဂရိတ်နှင့် ပင်လောင်းမြို့တွင် ၉ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ကော့သောင်းမြို့တွင် သုည ဒသမ ၁၂ လက်မနှင့် သာယာဝတီမြို့တွင် သုည ဒသမ ၀၄ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

နိုဝင်ဘာ ၂၀ ရက် ညနေထိခန့်မှန်းချက်။ ။ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျားမိုးအနည်းငယ်ရွာနိုင်ပြီး ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။
မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ဘောလုံးရသ အပြည့်အဝခံစားကြရမည့် အာဆင်နယ်-စပါးပွဲ
မန်ယူ၊ လီဗာပူး အမှတ်ပြည့်ရဖွယ်ရှိသည့် ပွဲစဉ်(၁၄)

ပရီမီယာလိဂ်ပွဲစဉ်(၁၄)ကို နိုဝင်ဘာ ၂၀ ရက် (ယနေ့)ညနဲ့ နိုဝင်ဘာ ၂၁၊ ၂၃ ရက်တို့မှာ ကျင်းပမှာ ဖြစ်ပါတယ်။ ပရီမီယာလိဂ်ဟာ ပြိုင်ဆိုင်မှုပြင်းထန်တဲ့ ပြိုင်ပွဲဖြစ်သလို ဒီတစ်ပတ်မှာ ဆုံတွေ့မယ့် အာဆင်နယ်-စပါးပွဲက ပရိသတ်ကို ဘောလုံးရသ အပြည့်အဝပေးစွမ်းဖွယ် ရှိနေပါတယ်။

အာဆင်နယ်-စပါး

ဒုတိယနေရာက အာဆင်နယ်နဲ့ အဆင့်(၇)နေရာက စပါးတို့ တွေ့ဆုံတဲ့ပွဲက ပရိသတ်အကြိုက် ပွဲတစ်ပွဲ ဖြစ်လာဦးမှာပါ။ လက်ရှိအချိန်မှာ အာဆင်နယ်ရဲ့တိုက်စစ် ထက်မြက်နေသလို စပါး ဘယ်တောင်ပံကစားသမား ဂါရတ်ဘေးလ်ရဲ့ ထိုးဖောက်မှုကလည်း အံ့သြဖွယ် ကောင်းလောက်အောင် ထက်မြက်မှုရှိနေပါတယ်။ ဒီနှစ်သင်းရဲ့ ခြေစွမ်းပိုင်းက ကွာဟမှု မရှိပေမယ့် စပါးက ဒီပွဲပြီးရင်ကြားရက်မှာ ဝါဒါဘရီမင်နဲ့ ချန်ပီယံလိဂ်ပွဲ န္တဲရဖို့ရှိနေပါတယ်။ ဒါကြောင့် ဒီပွဲမှာ စပါး ခြေကုန်ထုတ်၊ မထုတ်ဆိုတာ စောင့်ကြည့်ရမှာဖြစ်ပြီး အိမ်ရှင်အတွက်တော့ အမှတ်မဆုံးရှုံးနိုင်တဲ့ပွဲပါ။

တော့တင်ဟမ် ဟော့စပါး အလယ်တန်းလူ ဂါရတ်ဘေးလ်။

မန်ယူ-ဝီဂန်

မန်ယူက တတိယနေရာနဲ့ ဝီဂန်က အဆင့်(၁၇)မှာ ရပ်တည်နေပါတယ်။ သရေပွဲတွေများနေတဲ့ မန်ယူမှာ ဝိန်းရွန်နေး ပြန်လည်ပါဝင်လာမှာ ဖြစ်တာကြောင့် တိုက်စစ် ထက်မြက်မှုရှိလာမှာပါ။ ဒါကြောင့် အဝေးကွင်းရောက်ရင် ခြေစွမ်းညံ့တဲ့ ဝီဂန်ကို အိုးထရက်ဖို့ဒ်မှာ မန်ယူဘယ်နှဂိုးသွင်းမလဲ ဆိုတာပဲ စောင့်ကြည့်ရမှာပါ။ ပရီမီယာလိဂ် ပွဲစဉ်(၁၄)အဖြစ် နိုဝင်ဘာ ၂၀ ရက်(ယနေ့)ညမှာ အာဆင်နယ်-စပါး၊ မန်ယူ-ဝီဂန်၊ ဝက်စ်ဘရွန်း - စတုတ်စီးတီး၊ ဘလက်ပူးလ်-ဝုလ်ဗာဟမ်တန်၊ ဘော်လ်တန်-နယူးကာဆယ်၊ ဘာမင်ဂမ်-ချယ်လ်ဆီး၊ လီဗာပူး-ဝက်စ်ဟမ်း၊ နိုဝင်ဘာ ၂၁ ရက်မှာ ဘလက်ဘန်း-ဗီလာ၊ ဖူးလ်ဟမ်း-မန်စီးတီးနဲ့ နိုဝင်ဘာ ၂၃ ရက် နံနက်ပိုင်းမှာ ဆန်းဒါးလန်းနဲ့ အဲဗာတန်တို့ ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။

ဂျဲရတ် လေးပတ်ခန့်နားရမည်

လန်ဒန် နိုဝင်ဘာ ၁၉

လီဗာပူးအသင်းမှ အင်္ဂလန်ကွင်းလယ်ကစားသမား ဂျဲရတ်သည် ပြင်သစ်နှင့် အင်္ဂလန်ကစားခဲ့သည့် ခြေစမ်းပွဲတွင် တံကောက်ကြောဒဏ်ရာရရှိခဲ့၍ လေးပတ်ခန့် အနားယူရတော့မည်ဖြစ်သည်။

ပွဲမတိုင်ခင်က ဂျဲရတ်ကို မိနစ် ၆၀ သာ အသုံးပြုမည်ဟု ကတိပေးထားသော်လည်း ဂျဲရတ်မှာ ၈၅ မိနစ်တွင် ဂေါ်ကပ်ဖ်နှင့် ထိခိုက်မိ၍ဒဏ်ရာရခဲ့ခြင်းဖြစ်သည်။ သို့အတွက်ကြောင့် အက်ဖ်အေအနေဖြင့် လီဗာပူးအသင်းကို ပေါင်ငါးသိန်းပေးရဖွယ် ရှိနေသည်။ အဆိုပါ ဒဏ်ရာကြောင့် ဂျဲရတ်မှာ ပရီမီယာလိဂ်ပွဲစဉ်များဖြစ်သည့် ဝက်စ်ဟမ်း၊ စပါး၊ ဗီလာနှင့် နယူးကာဆယ်တို့နှင့် ကစားရမည့် ပွဲများကို လွဲချော်ရတော့မည်ဖြစ်သည်။

အင်တာနက်။

အင်္ဂလန် ကွင်းလယ်ကစားသမား ဂျဲရတ်။

ရောဘတ်ပီရစ် ပရီမီယာလိဂ်ကို တစ်ကျော့ပြန်လာမည်

လန်ဒန် နိုဝင်ဘာ ၁၉

အသက်(၃၇)နှစ် ရှိပြီဖြစ်သည့် အာဆင်နယ်ကစားသမားဟောင်း ရောဘတ်ပီရစ်ကို အက်စတွန်ဗီလာအသင်းက ခေါ်ယူရန် အဆင်သင့် ဖြစ်နေပြီဖြစ်ကြောင်း သိရသည်။

ပီရစ်မှာ အာဆင်နယ်အသင်းတွင်ရှိစဉ်က ခြေစွမ်းပြနိုင်ခဲ့ပြီး ပြင်သစ်အသင်းနှင့် အတူ ၁၉၉၈ ကမ္ဘာ့ဖလားနှင့် ယူရို ၂၀၀၀ တို့တွင် အောင်မြင်မှု ရရှိခဲ့သူဖြစ်သည်။ ပီရစ်မှာ စပိန်ကလပ် ဗီလာရီးရဲလ်နှင့် အတူ ခြေစွမ်းမပြနိုင်သော်လည်း အက်စတွန်ဗီလာတွင် ကာရူး၊ ဟတ်စကီး၊ ပီးထရော့ဖ်၊ ရီယိုကိုကာနှင့် ဆက်ဗဲလ်တို့ ဒဏ်ရာရနေချိန်တွင် ပီရစ်မှာ အသုံးတည့်လိမ့်မည်ဟု ဂါရတ်ဟူလီယာက ယုံကြည်နေသည်။

အင်တာနက်။

အက်စတွန်ဗီလာအသင်းက ခေါ်ယူရန် အဆင်သင့်ဖြစ်နေသည့် အာဆင်နယ်ကစားသမားဟောင်း ရောဘတ်ပီရစ်။

ဝင်းတင် (ကြေးမုံ)







ယခင်ဖော် ပယ်ဖျက်၍ ယခုဖော် အတည်ပြုပေးပါရန်

တက်လမ်းမိုးကျကထိန်အလှူတော်

ထေရဝါဒဗုဒ္ဓသာသနာတော် အဓွန့်ရှည်တည်တံ့ရန်နှင့် သံဃာအပေါင်း အကျိုးများရန် ရည်ရွယ်၍ တက်လမ်းဆောက်လုပ်ရေးမိသားစု၏'မိုးကျကထိန် အလှူတော်'ကို သတ်မှတ်ချက်နှင့်ညီညွတ်သော ကျောင်းများတွင် ကျင်းပသွားမည် ဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဗုဒ္ဓဘာသာအဖွဲ့အစည်းများနှင့် ဤကထိန်အလှူတော်တွင် ပူးပေါင်းပါဝင်လိုသူ ပုဂ္ဂိုလ်များအနေနှင့် အောက်ပါ အချက်များအတိုင်း ကျောင်းများကို စာရင်းပြုစုပြီး တက်လမ်းမိုးကျကထိန် အလှူတော်အဖွဲ့သို့ ဆက်သွယ်ကုသိုလ်ယူနိုင်ပါသည်။

စည်းကမ်းသတ်မှတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျောင်းဖြစ်ရပါမည်။
၂။ သက်ဆိုင်ရာမြို့နယ်၊ ကျေးရွာသံဃနာယကအဖွဲ့(သို့) ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့၏ ဝါဆိုစာရင်းဝင် ကျောင်းဖြစ်ကျောင်းနှင့် သံဃာအရေအတွက် မှန်ကန်ကျောင်း ထောက်ခံချက်ပါရှိရပါမည်။
၃။ ကထိန်မခင်းရသေးသောကျောင်းမှ ကျောင်းထိုင်ဆရာတော်(သို့) သံဃာက စတင် အကြောင်းကြားခြင်း၊ သတင်းပို့ခိုင်းခြင်းမျိုး မဖြစ်စေရပါ။(ကထိန်မမြောက် သောကြောင့် ဖြစ်ပါသည်။)
၄။ ၂၀-၁၁-၂၀၁၀ရက် တစ်ရက်တည်းသာ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ နံနက် ၈နာရီမှ ညနေ ၆နာရီအတွင်း အကြောင်းကြားရမည်ဖြစ်ပြီး အကြောင်း ကြားသူ၏ အမည်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ပေးရမည့် အပြင် ကထိန်ခင်းမည့်ကျောင်းကို လူကိုယ်တိုင်လိုက်လံပြသပေးရပါမည်။
၅။ ၂၁-၁၁-၂၀၁၀ရက် တစ်ရက်တည်းသာ မိုးကျကထိန်သင်္ကန်းကပ်လှူမည် ဖြစ်ပါသည်။
၆။ သတင်းပေး အကြောင်းကြားသူ(သို့) အဖွဲ့ကိုယ်တိုင် ကထိန်ခင်းမည့် ၂၁-၁၁-၂၀၁၀ရက်တွင် 'တက်လမ်းမိုးကျကထိန်အဖွဲ့'နှင့်အတူ ကထိန်ခင်းကုသိုလ် ပြုရာတွင် ပါဝင်ရန်ဖြစ်ပါသည်။

တက်လမ်းမိုးကျကထိန်အလှူတော်အဖွဲ့
အမှတ်-၆၁၊ မြေညီထပ်၊စဉ့်အိုးတန်းလမ်း(အောက်)လသာမြို့နယ်၊ ရန်ကုန်မြို့
ဆက်သွယ်ရန်ဖုန်း-၀၉ ၈၆၄၀၂၁၀၊၂၁၁/၂၁၂/၂၁၃
၀၉ ၅၁၉၇၆၅၉၊ ၀၉ ၅၁၉၉၇၂၂၊ ၀၉ ၅၁၉၉၂၂၈

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဝါကင်းရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်-၁၂၆-A လိပ်စာတည်ရှိရာ ရန်ကုန်မြို့ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၉၈)၊ လူနေရပ်ကွက် ပဲမှိုကုန်း၊ မြေကွက်အမှတ်-၅၀/ခ၅၊ မြေအမျိုးအစား-ဘီ၊ မြေပိုင် မြေ လ/န(၃၉)ရပြီး အကျယ်အဝန်း (၀. ၂၇၁)ဧကရှိ မြေကွက်နှင့် ၎င်းမြေကွက် ပေါ်တွင်ရှိနေသော နှစ်ထပ်တိုက်နှင့် တပ်ဆင်ထားသော ပါဝါမီတာ (၁)လုံး၊ အိမ်သုံးမီတာ (၁)လုံး၊ ရေမီတာ (၂)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားရှိပြီး ဖြစ်ပါသည်။ သို့ဖြစ်၍ အဆိုပါမြေနှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရောင်းအဝယ် ပြုလုပ်သည့်ကိစ္စအတွက် ကန့်ကွက် အရေးဆိုလိုသူရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထား အပြည့်အစုံနှင့်တကွ ဤကြေညာချက်ပါရှိသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ သို့ အကြောင်းကြား အသိပေးပြီး တရားဝင်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်သည့်နေ့ရက်အတွင်း ကန့်ကွက်အရေးဆိုသူမရှိပါက အရောင်းအဝယ်ကို ပြီးပြတ် အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။ **လွှဲအပ်ချက်အရ-**

ဒေါ်ခင်မာမာလတ်	**ဒေါ်မေဇင်ဦး**
တရားရုံးချုပ်ရှေ့နေ၊ စဉ်-၃၉၅၅	**LL.B,LL.M**
ဥပဒေအကြံပေး	**အထက်တန်းရှေ့နေ၊ စဉ်-၂၄၄၈၈**

အမှတ်-၃၃၃၊ ပထမထပ်၊ အခန်း(၃)
ဗိုလ်အောင်ကျော်လမ်း (အထက်ဘလောက်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၆၆၂၇၈၃၊ ၃၉၂၈၅၁၊ ၃၉၂၇၃၅



ရခိုင်ပြည်နယ် မင်းပြားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးရှေ့ မြေခင်းအလှ ပြုလုပ်ထားရှိမှုကို ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးကြည် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင် အရာရှိ ဦးသိန်းအောင်နှင့် လက်ထောက်အင်ဂျင်နီယာ ဒေါ်ခင်ခင်စိုး တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရန်ကုန်ပညာရေးတက္ကသိုလ်
ချိပ်ပိတ်တင်ဒါဈေးနှုန်းလွှာများတင်သွင်းရန် ဖိတ်ခေါ်ခြင်း

ရန်ကုန်ပညာရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ကျင်းပရေးကော်မတီက ၂၀၁၁ ခုနှစ် ဇန်နဝါရီလ (၁၄၊ ၁၅)ရက်များတွင် ကျင်းပပြုလုပ်မည့် (၄၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား၌ ဘွဲ့နှင်းသဘင်ခန်းမအတွင်း (အပြင်မပါ) ဓာတ်ပုံ ရိုက်ကူးရေးလုပ်ငန်းခွင့်ပြုနိုင်ရေးအတွက် ချိပ်ပိတ်တင်ဒါဈေးနှုန်းလွှာများ တင်သွင်း ရန် ဖိတ်ခေါ်အပ်ပါသည်။

ဈေးနှုန်းလွှာများကို ၇-၁၂-၂၀၁၀ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံး ထား၍ ရန်ကုန်ပညာရေးတက္ကသိုလ်၊ မော်ကွန်းထိန်းအဆင့်(၂)သို့ တင်သွင်း ရပါမည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၅၃၄၂၇၃ သို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်။

ဥက္ကဋ္ဌ
ဓာတ်ပုံတင်ဒါခေါ်ယူရေးကော်မတီ
ရန်ကုန်ပညာရေးတက္ကသိုလ်

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ တန်ဆောင်တိုင် မီးပုံးပျံပွဲတော်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆိုင်ရာနှင့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ် မဆင်မခြင်မောင်း နှင်မှုကြောင့် ထိခိုက်ဒဏ်ရာရမှုများကို ပညာပေးပြခန်း ပြသထားစဉ်။ (ကြေးမုံ)

ပုသိမ်ဒေသကောလိပ် ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၈

ပုသိမ်မြို့ ဒေသကောလိပ် ၁၉၇၆၊ ၁၉၇၇၊ ၁၉၇၈ ပညာသင်နှစ်များတွင် (လုပ်ငန်းအတတ်ပညာများ) သင်ကြားပေးခဲ့ကြသော ဆရာ၊ ဆရာမများအား ပထမအကြိမ် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်း အမှတ် (၂၁/၄၃စီ)ရှိ ဧရာဝတီတိုင်းဒေသကြီး ခန်းမရုံ၌ ကျင်းပမည် ဖြစ်ရာ ဦးမြင့်နိုင် (ပုသိမ်) ဖုန်း - ၀၉-၅၁၂၃ ၄၁၁၊ ဦးစိန်ကျော် (ပုသိမ်) ဖုန်း-၀၉-၅၁၉၅၅၉၀၊ ဒေါက်တာစိုးနိုင် (ပုသိမ်) ဖုန်း-၀၄၂-၂၄၆၆၄၊ ဦးအောင်မြင့် (ပုသိမ်) ဖုန်း-၀၉-၅၂၀၁၅၆၃၊ ဦးတင့်နိုင် (ပုသိမ်) ဖုန်း-၀၉-၅၅၀၅၇၂၃၊ ဦးကျော်ဇေယျ (ဟသ်ာတ) ဖုန်း-၀၉-၅၀၇ ၅၈၇၄၊ ဦးသိန်းမြင့် (အသုတ်) ဖုန်း-၀၉-၅၀၃၈၃၈၂နှင့် ဦးမြင့်သန်း (ရေထွက်) ဖုန်း-၀၉-၈၆၄၀ ၈၀၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ဗလင်းတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ လေ့လာစို့

ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဗဟိုရိစည်အိမ်ရာဝင်း၊ အမှတ်(၆၈-အေ) ၅လွှာတွင် တည်ထောင်ဖွင့်လှစ်ထားရှိသော ပထမထိပ်တန်း ကုန်ထုတ်သမဝါယမအသင်း လီမိတက်သည် အောက်ဖော်ပြပါကုန်အမှတ်တံဆိပ်များ၏ ပိုင်ရှင်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

Laurel | Magnolia

မှတ်ပုံတင်အမှတ်-၃၈၇၆/၂၀၁၀ **မှတ်ပုံတင်အမှတ်-၃၇၉၅/၂၀၁၀**

အထက်ပါ Laurel နှင့် Magnolia ကုန်အမှတ်တံဆိပ်များမှာ ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ စာချုပ်အမှတ် ၃၈၇၆/၂၀၁၀ နှင့် ၃၇၉၅/၂၀၁၀တို့အရ မှတ်ပုံတင်ထားပြီး အဆိုပါအမှတ်တံဆိပ်နှင့် အမှတ်အသားကို အသုံးပြု၍အဝတ်လျှော်၊ ပန်းကန်ဆေး၊ လက်ဆေးနှင့် အထွေထွေသန့်ရှင်းရေးသုံး (ဆပ်ပြာမှုန့်၊ဆပ်ပြာခဲ၊ ဆပ်ပြာရည်၊ ဆပ်ပြာဆီ၊ ဆပ်ပြာခရင်မ်)များ အဖြစ် အသင်းပိုင်စက်ရုံမှထုတ်လုပ်ပြီး မြန်မာနိုင်ငံတစ်ဝန်း ဒေသအသီးသီးသို့ ဖြန့်ဖြူးရောင်း ချသွားရန် စီစဉ်ထားရှိပြီးဖြစ်သည်နှင့်အညီ အဆိုပါကုန်ပစ္စည်းများပေါ်တွင်လည်းကောင်း၊ ထုပ်ပိုး ပစ္စည်းများပေါ်တွင်လည်းကောင်း၊ ရိုက်နှိပ်၊ ဖိနှိပ်၊ ကပ်နှိပ်၍ ပထမထိပ်တန်း ကုန်ထုတ်သမဝါယမ အသင်းလီမိတက်၏လုပ်ငန်းများအားလုံးတွင် မည်သည့်ပုံစံနှင့်မဆို အသုံးပြုသွားမည်ဖြစ်ပါသည်။

အထက်ပါ ကုန်အမှတ်တံဆိပ်အမှတ်အသားများကို အသင်း၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ တိုက်ရိုက်သော်လည်းကောင်း၊ ဆင်တူယိုးမှားပြု၍သော်လည်းကောင်း၊ တုပသုံးစွဲခြင်းမပြုကြပါရန် နှင့်ပြုလုပ်ပါက တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

အသင်းအမှုဆောင်ဒါရိုက်တာအဖွဲ့၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမင်းစိုးကျော်[၁၂/လမန(နိုင်)၀၆၂၁၉၀]
(အမှုဆောင်၊ ဈေးကွက်)
ဖုန်း-၀၁-၂၂၇၇၅၃၊၀၁-၂၂၇၇၅၇-၆၀

မတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့အဝင်လမ်းဘေးဝဲ၊ ယာတွင် ကပ်တိုးများ ပြုလုပ်ခြင်းဆောင်ရွက်နေမှုကို နိုဝင်ဘာ ၁ ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးမြင့်အောင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးဇော်မြင့်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ကျီးသဲ အထက အင်္ဂမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၈

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ် ကျီးသဲ အခြေခံပညာအထက်တန်းကျောင်းမှ အသက်(၆၀)ပြည့် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား တပည့်ဟောင်းများက အင်္ဂမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၁၈ ရက် (စနေနေ့)တွင် အဆိုပါကျောင်း လေးထပ်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန် နှိုးဆော်ထားသည်။

အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို လှူဒါန်းလိုပါက ဦးခင်မောင်ဝင်း (သုခအောင်)ဖုန်း -၀၁-၆၉၁၂၇၁၊ ဦးအေးမြင့် (ရန်ကုန်) ဖုန်း-၀၉-၅၀၀၁၆၄၄ နှင့် ဦးဇော်လေး (ကျီးသဲ) ဖုန်း-၀၉-၄၉၅ ၀၀၃၃၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ဘီးလင်းမြို့နယ် မိုးစပါးစံကွက်ရိတ်သိမ်း

ရန်ကုန် နိုဝင်ဘာ ၁၈

မိုးစပါးအထွက်နှုန်း မှန်ကန်စေရေးအတွက် စံကွက်ရိတ်သိမ်းခြင်းလုပ်ငန်းကို ဘီးလင်းမြို့နယ် ယွန်ဒလင်းကုန်းကျေးရွာ တောင်သူဒေါ်သီတာသိန်း၏ လယ်မြေ ၉ ဒသမ ၈၂ ဧက၌ ကျော်ဇေယျစပါးစိုက်ခင်းကို ခရိုင်မြေစာရင်း ဦးစီးဌာနမှူး ဦးဇော်ဝင်း၊ ခရိုင်မန်နေဂျာ ဦးမြင့်စိန်၊ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ မြို့နယ်မြေစာရင်း ဦးစီးဌာနမှူး ဦးငွေဝင်းနှင့် စိုက်တိုးမြှင့်အဖွဲ့များ၊ မြေစာရင်း စိုက်ပျိုးရေးဝန်ထမ်းများ၊ ရပ်ကွက်အဖွဲ့ဝင်များ စုပေါင်း၍ စံကွက်ရိတ်သိမ်းခဲ့ရာ **(အောက်ပုံ)** တစ်ဧကအထွက်နှုန်း ၈၉ ဒသမ ၈၂ တင်းထွက်ရှိကြောင်း သိရသည်။ (ကြေးမုံ)

Smart Electronic Dictionary အတွင်းပါရှိသော စကားပြော အသံနှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၂၀၄)၊ နဝရတ်စင်တာ ပထမထပ်တွင် ဖွင့်လှစ်ထားသော ERA Technology Co.,Ltd. မှ တရားဝင်ဖြန့်ချိလျက်ရှိသည့် အင်္ဂလိပ်-မြန်မာ-တရုတ် အဘိဓာန်အား လွယ်ကူစွာအသုံးပြုနိုင်ရန်အတွက် စက်အတွင်း၌ထည့်သွင်းပြီး အသံပြောကြားသုံးနှုန်းခွင့်ကို ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်မေသက်ထွန်း[၁၂/ဗတထ(နိုင်)၀၀၀၂၃၁]သည် ဖော်ပြပါကုမ္ပဏီမှ ထုတ်လုပ်သည့် အဘိဓာန် စက်အတွင်းရှိ အသံပိုင်းဆိုင်ရာ ကိစ္စအဝဝကို ကျွန်ုပ်အမှုသည်အနေဖြင့် တာဝန်ယူကာ ERA Technology Co.,Ltd. မှ ထုတ်လုပ်သည့် Smart Electronic Dictionary များတွင်သာ အသုံးပြုရန် တစ်ခုတည်းသော မူပိုင်အဖြစ် ခွင့်ပြုထားပါသည်။ အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ ကျွန်ုပ်၏မိတ်ဆွေကိုယ်တိုင်ပြောဆိုခဲ့ခြင်း၊ ခွင့်ပြုထားခြင်းလုံးဝမရှိပါ။ ကျွန်ုပ်၏မိတ်ဆွေအနေဖြင့် Int' Class 35 Advertising, Business Management, Business Administration Office Functions သတ်မှတ်မှုအရ အသံပိုင်ရှင်ဖြစ်၍ သူမ၏အသံကို မည်သည့်စီးပွားရေးလုပ်ငန်းမျိုးတွင်မှ အသုံးပြုခြင်းမရှိသေးပါ။ သို့သော်ယခုအခါ အလားတူ ပစ္စည်းမျိုးဖြစ်သည့် တံဆိပ်ကွဲပြားသည့်စက်များတွင် ကျွန်ုပ်မိတ်ဆွေအသံအား ထည့်သွင်းအသုံးပြုနေသည်ကို တွေ့ရှိရသောကြောင့် ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပယ်ဖျက်ပေးရန် အသိပေးကြေညာအပ်ပါသည်။

ယင်းအသိပေးကြော်ငြာချက်အပေါ် လိုက်နာခြင်းမရှိပါက ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မေသက်ထွန်းအသံကို ကူးယူထည့်သွင်း အသုံးပြုသည့်သူများအပေါ် တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

ဒေါ်မေသက်ထွန်း[၁၂/ဗတထ(နိုင်)၀၀၀၂၃၁]၏ လွှဲအပ်ညွှန်ကြားချက်အရ-
စိန်ဂွန်း ခင်မောင်သန်း
တရားရုံးချုပ်ရှေ့နေ (LL.B, D.B.L, D.I.L, D.M.L, D.A.Psy)
101 WIPO(Switzerland)
No.(113), 5th Floor, 52nd Street, Yangon, Ph:700654



စီးတီးဘတ်စ်ကားကြီးများရောင်းမည်

လက်တင်အသုံးပြုနိုင်သော မစ်ဆူဘီရှီဖူဆို ၄ခ/---ဒီဇယ်(၁)စီးနှင့် စီးတီးဘတ်စ်အီဇူဇူကားသစ် ၄ခ/---ဒီဇယ်(၂)စီး

ဆက်သွယ်ရန် Ph:646674, 73028773
642122, Ex: 226, 227

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/၂)၊ လူနေရပ်ကွက်အမှတ်(၁)ရပ်ကွက်၊ မြေကွက်အမှတ်(၆၆၆)၊ အကျယ်(၂၅' × ၅၀') ၁၂၅၀ စ/ပေရှိ ဦးတင်ကြိုင်[၁၂/မရက(နိုင်)၀၈၉၄၂၃] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ (၅)လမ်း၊ အမှတ်(၆၆၆)ဟု ခေါ်တွင်သည့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်လက်ရှိထား ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်ခင်မြရီ[၁၂/မရက(နိုင်)၁၀၉၀၃၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလူကိုယ်တိုင်လာရောက် တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ နည်းလမ်းတကျ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအုန်းမောင်(ရန်ကင်း)
တရားရုံးချုပ်ရှေ့နေ(၆၈၁၈)
အိမ် -အမှတ်(၁၂၇)၊ လူငယ်သစ္စာလမ်း၊ ၁၂ ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊
ဖုန်း-၀၉-၅၁၇၇၂၂၉၊ ၇၃၀-၇၇၅၈၅
ရုံး -အမှတ်-၁၀/၃၄(A)၊ ၃၉ လမ်း(ကမ်းနားဘလောက်)၊
ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၁-၂၄၈၂၃၉

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏သား မောင်စန်းလှဦး(ခ)မောင်မိုးသူ SPTA-038655 ကိုင်ဆောင်ထားသူသည် မိဘများ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲမိဘများကို စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအားလုံးကို မိဘညီအစ်ကို မောင်နှမများက တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးနုရ်မဟာမက် AKB-193397
ကွန်စွန်ဘီ(ခ)မသန်းလှ PAG-132850

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် မတလ/၃၄၈၃၆၀ ယာဉ်လက်ဝယ်ရှိသူအမည် ဦးမောင်မောင် မှတ်ပုံတင်အမှတ်[၉/ရမသ(နိုင်)၁၀၄၅၇၉]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြေညာသည့်ရက်မှ (၁၅)ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရမည်းသင်း)

ဒေါ်ရင်ဆိုင်း(သထုံ)

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ကျေးဇူးရှင်မိခင်ကြီး ဒေါ်ရင်ဆိုင်း
၂၀-၉-၂၀၁၀ မှ ၂၀-၁၁-၂၀၁၀ ရက်အထိ (၂)လပြည့်အလွမ်း

ခန္ဓာရုပ်နာမ် ဖြစ်ပျက်ဆုံးသည့်
သင်္ခါသုခ၊ နိဗ္ဗာန်ရအောင်
ရင့်သန်သည့်ဉာဏ် ပါရမီကံကြောင့်
ထားခြားပြည့်စုံ၊ နတ်တို့ဘုံဝယ်
လားရာဂတိ၊ ကောင်းစွာရှိဟု
မျှော်လင့်ကာထား ကုသိုလ်များကို
စဉ်ဆက်မပြတ်၊ ကျေးဇူးဆပ်ကာ ပြုလုပ်ပါသည်။
ရောက်ရာဌာန၊ ဘုံဘဝမှ
အမေသာဓုခေါ်ဆိုပါ
ပြုပြုသမျှ အမျှ. . အမျှ. . အမျှ

လွမ်းလို့မဆုံးနိုင်ပါအမေ. .
ချစ်သား၊ သမီး၊ မြေး၊ မြစ်များ
မွေးမွေး၊ ကင်းကင်း၊ ရင်းရင်း၊ စီစီ၊ မီးမီး၊ တုံတုံ၊
ယုံးယုံး၊ ဖောင်းဖောင်း၊ ပါလေးငယ်
မြေး(၂၄)ယောက်၊ မြစ်(၅)ယောက်





အခန်းငှားမည်

၂၂ လမ်း၊ မြေညီထပ်၊ လသာမြို့နယ်။

ဆက်သွယ်ရန် ဖုန်း-၂၁၂၄၉၈၊ ၇၀၆၉၉၈၊ ၀၉-၈၅၉၁၂၆၄

အမြန်ပြန်လာပါ

မောင်ထူးလျှံအောင် အဖေ စိတ်ပူနေသည်။

သား အမြန်ပြန်လာခဲ့ပါ။

အဖေ

မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် အဖွဲ့ သံဖြူဇရပ်မြို့လယ် ပန်းခြံအတွင်း သာယာလှပရေးအတွက် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ဘီးလင်းမြို့နယ်အသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၉

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ကျွန်းတောလမ်း ဘီးလင်းတိုက်သစ်ကျောင်း၌ (၆၁)ကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို နိုဝင်ဘာ ၂၀ ရက် (စနေနေ့)နံနက် ၈ နာရီတွင် ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများသည် ဖုန်း-၅၀၀၅၉၉သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် အသင်းသူ၊ အသင်းသားများ တက်ရောက်ကြပါရန် နှိုးဆော်ထားကြောင်း သိရှိရသည်။ (၀၄)



ရောင်နီပျိုးစာကြည့်တိုက် လောင်းလုံ၌ ဖွင့်လှစ်

လောင်းလုံ နိုဝင်ဘာ ၁၉

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံမြို့နယ် သာယာကုန်းကျေးရွာအုပ်စု အင်းဝန်းကျေးရွာ ရောင်နီပျိုးစာကြည့်တိုက် ဖွင့်ပွဲကို အောက်တိုဘာ ၇ ရက်က အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မူမူအေးနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးကြည်စိန်တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

(အပေါ်ပုံ)

ယင်းနောက် စေတနာရှင် ကျေးရွာနေ ပြည်သူ ခုနစ်ဦးက ရေဒီယိုတစ်လုံးနှင့် စာအုပ်စာစောင် ၁၅၀ ကို ပေးအပ်လှူဒါန်းကြောင်း သိရှိရသည်။ (မြို့နယ်ပြန်/ဆက်)

နိုဝင်ဘာ ၈ ရက်က သက္ကလကျေးလက်ဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်နေမှုကို ကဝမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဝင်းအောင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမောင်ညွှန့်၊ မြို့နယ်စည်ပင် အမှုဆောင်အရာရှိ ဦးမောင်မောင်ငြိမ်နှင့် သက္ကလအရန်မီးသတ်တပ်စုမှူး ဦးသိန်းဇော်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

(၃)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
ဦးအောင်သိန်းအေး(နတ်မောက်)
ပညာရေးမှူး(ငြိမ်း)

ကျေးဇူးရှင် ဖခင်ကြီး ဘဝတစ်ပါးသို့ ပြောင်းသွားသည်မှာ (၃)နှစ်ပြည့်မြောက်ပြီးဖြစ်ပါသော်လည်း ဖခင်ကြီးအားရည်စူး၍ ကုသိုလ်ကောင်းမှုများကို ပြုလုပ်လျက်ရှိပါသည်။ သူတော်ကောင်းတို့၏ သွားရာလမ်းသို့ ရောက်ရှိပြီးဖြစ်သော လောကီ၊ လောကုတ္တရာ နှစ်ဖြာသော အမွေများပေးခဲ့သော သား၊ သမီးတို့၏ စံပြအားထားရာ ကျေးဇူးရှင် ဖခင်ကြီးအား လွမ်းဆွတ်စွာဖြင့် အကြိမ်ကြိမ်ရှိခိုးပူဇော်ကန်တော့လိုက်ရပါသည်။ ပြုပြုသမျှ ကုသိုလ်ဒါနအားလုံးကို ကျေးဇူးရှင် ဖခင်ကြီးအား အမျှ. . အမျှ. . အမျှ ပေးဝေပါ၏။

ကျေးဇူးရှင်ဖခင်ကြီး မြင့်မြတ်သော ဘုံဘဝမှ ကြားနာခံစားနိုင်ပြီး သာဓုခေါ်နိုင်ပါစေသော်။

သား၊ သမီးများ-
ဦးသိန်းလွင်-ဒေါ်မြင့်မြင့်သိန်း
ဦးမောင်မောင်-ဒေါက်တာ နီလာသိန်း၊ ဒေါ်စံသာသိန်း၊
ဒေါက်တာအောင်မိုး-ဒေါက်တာလဲ့လဲ့သိန်း၊
ဦးကျော်ခိုင်သိန်း-ဒေါ်ခင်စန်းယု
ချစ်မြေးများ-
ကြေးမုံခင်၊ မင်းသုမောင်၊ ဇော်ထက်နိုင်၊ ကောင်းခန့်ကျော်၊
ခန့်ထွန်းလင်း၊ ဆောင်းဦးလွင်

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - **ရန်တိုက်ပေးနေသည်။**
☆ RFA, DVB - **သွေးထိုးနေသည်။**
☆ **ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။**

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်

ဆော်ဒီအာရေဗျနိုင်ငံ ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ၊ အလှူငွေပေးအပ်ပွဲ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် နိုဝင်ဘာ ၁၈ ရက် ညနေ ၅ နာရီတွင် နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ ဆော်ဒီအာရေဗျနိုင်ငံ Kingdom Holding Company ဥက္ကဋ္ဌ His Royal Highness Prince Alwaleed Bin Talah Bin Abdulaziz Alsaud ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ) စာမျက်နှာ ၈ ကော်လံ ၁ သို့** ✳

ယနေ့ ဆောင်းပါးအညွှန်း

အကြောင်းအမျိုးမျိုးကြောင့် မဲရုံသို့ ကိုယ်တိုင်လာရောက် ဆန္ဒမဲမပေးနိုင်သည့်အတွက် ဥပဒေနှင့်အညီ မဲဆန္ဒရှင်ပြည်သူတို့၏ လွတ်လပ်သော သဘောဆန္ဒအမှန်ဖြင့် ဆန္ဒပြုခဲ့ကြသည့် ကြိုတင်ဆန္ဒမဲများသည် ပြည်သူတို့၏ ဦးနှောက်နှင့် နှလုံးသားမှ မဲများပင်ဖြစ်သည်ကို လေ့လာတွေ့ရှိရ။

ဥပဒေလေ့လာသူတစ်ဦး၏ “ကြိုတင်ဆန္ဒမဲနှင့် ရွေးကောက်ပွဲအစဉ်အလာ”

ဆောင်းပါး စာမျက်နှာ - ၆